ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်၊ သောကြာနေ့၊ (5-3-2004) (၄၁၆၆)

အတ္တသမ္မာ ပဏိဓိ စ ဧတံ မင်္ဂလ မုတ္တမံ။

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်သြဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တပ်မတော်ခန်းမရှိ၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ က နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာ တော်ကြီးများနှင့် ဘွဲ့ခံဆရာ တော်ကြီးများအား ဆွမ်းဆက် ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ က ဆရာတော် သံဃာတော် များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပြွန်းတီးဖုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၅-၃-၂၀၀၄
(သောကြာနေ့)

တပေါင်းလပြည့် အခါသမယနေ့ ဒါန၊ သီလ၊ ဘာဝနာ ပွားများအားထုတ်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ တပေါင်းလပြည့် ထူးမြတ်သော အခါသမယနေ့ဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန်နွေအကူး နွေဦးအစလဖြစ်၍ မအေးလွန်း မပူလွန်းသော ရာသီကာလဖြစ်သည်။ မြောက်ပြန်လေကြွင်းနှင့် ဆီးနှင်းတို့ မကုန်တတ်သေးဘဲ မင်းလွင်မြူခိုးတို့ ရစ်သိုင်းနေသည့် နွေဦးကာလ တပေါင်းလအခါသမယသည် သာယာကြည်နူးဖွယ်ကောင်းလှသည်။

တပေါင်းလတွင် ရာသီပန်းအနေဖြင့် အင်ကြင်းပန်းနှင့် သရဖီပန်းများပွင့်ကြသည်။ ငါးအရုပ်ဖြင့် သရုပ်ပြသော မိန်ရာသီဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည် ဥဩငှက်သံ၊ လင်းပြာသံတို့ဖြင့် သာယာကြည်နူးဖွယ်ကောင်းသော ခါနွေဆန်းစ တပေါင်းလတွင် ကာဠုဒါယီအမတ်ကြီး၏ လျှောက်ထားချက်အရ ရာဇဂြိုဟ်ပြည်မှ ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲဖြစ်သည်။ ရှေးအခါက သဲသောင်ပြင်များတွင် သဲများကိုစုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတမြတ်စွာဘုရားအားရည်မှန်းပြီး ပူဇော်ပွဲကျင်းပကြခြင်းဖြစ်သည်။ ယင်းကိုအကြောင်းပြု၍ တပေါင်းလပြည့်နေ့တွင် သဲပုံစေတီများ တည်ထားကိုးကွယ်ကြကြောင်း မှတ်သားရသည်။

ယခုကာလတွင် စေတီပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပကြသည်။ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ကောင်းမှုဒါနပြုခြင်း၊ ဘုရား၊ ကျောင်းကန်များသို့ သွားရောက်၍ ဒါန၊ သီလဆောက်တည် ပွားများခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သဗ္ဗညုတဘုရားရှင်၏သာသနာတော်ကြီး အရှည်သဖြင့် တည်တံ့ပြန့်ပွားထွန်းကားစေရေးအတွက် ထုံးတမ်းစဉ်လာရှိခဲ့သည်နှင့်အညီ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

သာသနာတော်၌ ပရိယတ်၊ ပဋိပတ်တာဝန်ကို ကြိုးပမ်းထမ်းဆောင်လျက်ရှိကြသော ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လှူဒါန်းပူဇော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ဗုဒ္ဓသာသနာတော်မြတ်ကြီးတွင် သီလ၊ သမာဓိ၊ ပညာဟူသည့် အကျင့်ကောင်း၊ အကျင့်မြတ် သိက္ခာတို့နှင့် ပြည့်စုံသူတို့တိုးပွားစေရန်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့အသိတရား၊ အကျင့်တရားများတိုးပွား၍ အကျင့်ပဋိပတ်နှင့် ပြည့်စုံလျက် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်းဟူသောကောင်းကျိုးချမ်းသာတို့ရရှိနိုင်စေရန် ရည်သန်ကာ သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး သာသနာတော်မြတ်ကြီးအား ချီးမြှောက်ထောက်ပံ့လျက်ရှိသည်။

သို့ဖြစ်ရာ ဗုဒ္ဓသာသနာတော် ထွန်းလင်းပြန့်ပွားလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ မှီတင်းနေထိုင်လျက်ရှိကြသော ပြည်သူအများတို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမတရားများနှင့်အညီ ကျင့်ကြံနေထိုင်ပွားများရင်း တပေါင်းလပြည့်နေ့ အခါသမယတွင် ဒါန၊ သီလ၊ ဘာဝနာတရားများ အားထုတ်ခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရရှိနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြဆက်လက်လေ့ကျင့်

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅နာရီခွဲမှ ၉နာရီအထိ ရန်ကုန်မြို့ မြို့မကွင်း၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက် လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်း နှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်း စစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ကြည်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးအောင်မျိုး	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ) ဦးပိုမြင့်	ပါမောက္ခချုပ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

ကြည့်ရှုစစ်ဆေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ မြို့မကွင်း၌ စစ်ကြောင်းကြီးများ တပ်ပါ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည် တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို မတ် ၈ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၆၀)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ မတ် ၇ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ကမ္ဘာ့အမျိုးသမီးများနေ့

၂၀၀၄ ခု၊ မတ်လ(၈)ရက်

International Women's Day

8th March 2004

ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် မတ် ၄

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် ရွှေမန်းသူ၊ ရှမ်းမလေး အဝေးပြေးခရီးသည် ပို့ဆောင်ရေး လုပ်ငန်းလေးနှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၉ရက် နံနက် ၈နာရီခွဲတွင်တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ ရွှေမန်းသူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးအောင်နွယ်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

တိုးတက်မှုအခြေအနေ

ထို့နောက် မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်က ရွှေမန်းသူ၊ ရှမ်းမလေး အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စံပြယာဉ်မောင်းဆု၊ ယာဉ်ပြင်ဆင်စရိတ် အနည်းဆုံးဆု၊ ဝင်ငွေအများဆုံးဆု၊ ခရီးစဉ်ခေါက်ရေ အများဆုံးဆု၊ အမြတ်အများဆုံးဆု၊ ယာဉ်ကြံ့ခိုင်ရေးထိန်းသိမ်းကိုင်တွယ်မှု အကောင်းဆုံးဆု၊ ယာဉ်အန္တရာယ်ကင်းရှင်းဆု၊ လူမှုရေးလုံခြုံစွမ်းဆောင်ရည်ဆု၊ စာရိတ္တအထူးဆု၊ ဂိတ်များစွမ်းဆောင်ရည်ဆု၊ လုပ်သက်ဆုနှင့် ဝန်ထမ်းလုပ်သက်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးအောင်နွယ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(က-ပ)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်နှင့် ကာဘာလာမြို့တို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား

မတ် ၃ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ရက်က မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ဒေါသထွက်နေသော အီရတ်နိုင်ငံသားများက ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသဖြင့် လူစုခွဲရန် ထပ်မံရောက်ရှိလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ်လ ၂ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ခါဒီမီယာရပ်ကွက်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဗုံးပေါက်ကွဲရာနေရာသို့ ရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

မတ် ၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အဆောက်အအုံများ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးကို ဆေးရုံသို့ပို့ရန် လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံသားများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘုရှ်အစိုးရ၏ တစ်ဖက်သတ်မူဝါဒကြောင့်

အီရတ် အပြစ်မဲ့ပြည်သူများ သေကျေခဲ့ရဟု ကန်သမ္မတရွေးချယ်ပွဲ ယှဉ်ပြိုင်မည့် ဂျွန်ကယ်ရီ ဝေဖန်

ဝါရှင်တန် မတ် ၃

အမေရိကန်သမ္မတ ရွေးချယ်ခံမည့်သူများအနက် ရှေ့တန်းမှပြေးနေသူ ဒီမိုကရက်တစ်ပါတီဝင် ဂျွန်ကယ်ရီက အီရတ်နိုင်ငံကိစ္စတွင် အမေရိကန်အစိုးရအနေဖြင့် အခြားနိုင်ငံများမှ အကူအညီမယူဘဲ ရှောင်ရှားနေခဲ့သည့်အတွက် ပြစ်တင်ပြောဆိုခဲ့သည်။ ထို့အပြင် အမေရိကန်တို့နှင့်အတူ ကျူးကျော်စစ်တွင် ပါဝင်ခဲ့သော အခြားအပေါင်းပါနိုင်ငံများကလည်း ဟန်ပြသဘော ပါဝင်ခဲ့ကြကြောင်း ဝေဖန်ပြောကြားသွားသည်။

ယခုရက်ပိုင်းအတွင်း အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် ကာဘာလာမြို့များတွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူ များစွာ သေကျေခဲ့ရသည်။ ထိုသို့ ဖြစ်ပွားရခြင်းမှာ အမေရိကန် ဘုရှ်အစိုးရ၏ တစ်ဖက်သတ်ကျင့်သုံးသော မူဝါဒကြောင့်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ဝေဖန်ခဲ့သည်။

မလိုလား

ဘုရှ်အစိုးရသည် အီရတ်ပြဿနာများကို ဖြေရှင်းရာ၌ လုံးဝမအောင်မမြင်ဖြစ်နေသည်။ အီရတ်နိုင်ငံတွင် ဥရောပနိုင်ငံများနှင့် အာရပ်နိုင်ငံများ၏ အကျိုးစီးပွားများသည် ဆက်စပ်ပတ်သက်မှုရှိနေသောကြောင့် ၎င်းတို့အနေဖြင့် အီရတ်တွင် ကမောက်ကမဖြစ်နေသည်ကို မလိုလားကြပေ။

ထည့်သွင်းပြောကြား

သို့သော် ယခုကမောက်ကမ ဖြစ်ရသော ပြဿနာကို ဘုရှ်အစိုးရက မဖြေရှင်းနိုင်ဘဲ ရှိနေသည်ဟု ကယ်ရီကဆိုသည်။ ၎င်းကဆက်လက်၍ အီရတ်နိုင်ငံတွင် ရှိနေကြသောအပေါင်းပါတပ်ဖွဲ့ဝင် နိုင်ငံများမှာလည်း စစ်ပွဲဖြစ်ပွားစဉ်ကတည်းကပင် ဟန်ပြသဘောမျိုးသာ ပါဝင်ခဲ့ကြခြင်းဖြစ်ကြောင်း စကားဆိုခဲ့သည်။ ထို့အပြင် ဂျွန်ကယ်ရီက သူ့အနေဖြင့် အီရတ်နိုင်ငံ ကိစ္စများကို ဖြေရှင်းရာ၌ ကုလသမဂ္ဂအဖွဲ့အနေဖြင့် အဓိကကျသော နေရာမှ ပါဝင်သည်ကို လိုလားကြောင်းကိုပါ ထည့်သွင်းပြောကြားခဲ့သည်။

ပူးပေါင်းပါဝင်

ထိုစစ်ပွဲတွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံများနှင့်အတူ ဒိန်းမတ်၊ အီတလီ၊ ဂျပန်၊ နော်ဝေ၊ ဖိလစ်ပိုင်၊ ပိုလန်၊ တောင်ကိုရီးယားနှင့် စပိန်နိုင်ငံများမှ တပ်ဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။

အီရတ်နိုင်ငံတွင် ယခုအခါ အမေရိကန်နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၃၀၀၀၀ ခန့် တပ်စွဲထားသည်။ ထိုတပ်ပမာဏနှင့် စာလျှင် အပေါင်းပါတပ်ဖွဲ့များ၏ အရေအတွက် အချိုးအစားမှာ များစွာ နည်းပါးနေကြောင်း သိရသည်။

အင်တာနက်။

အီရတ်စစ်မြေပြင်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၅၀ ရှိပြီ

ဘဂ္ဂဒက် မတ် ၃

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ စစ်ရေးအရ တိုက်ခိုက်ခဲ့ချိန်မှစ၍ မတ် ၃ ရက်အထိ သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင် ၅၅၀ ရှိရာ ယင်းအနက် ၃၇၉ ဦးမှာ တိုက်ခိုက်မှုများကြောင့်ဖြစ်ပြီး ၁၇၁ ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုကာလအတွင်း ဗြိတိန်တပ်ဖွဲ့ဝင် ၅၈ ဦး၊ ကနေဒါ ၁၇ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ယူကရိန်း၊ ဒိန်းမတ်၊ အက်စ်တိုနီးယားနှင့် ပိုလန်တို့မှ တစ်ဦးစီတို့ သေဆုံးခဲ့သည်။

အီရတ်တွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့၊ ဒဗလျူ၊ ဘုရှ်က ကြေညာခဲ့သည်။ မေလ ၁ ရက်နေ့နောက်ပိုင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၄၁၂ ဦးရှိရာ ယင်းအနက် ၂၆၄ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၄၈ ဦးမှာ အခြားအကြောင်းများကြောင့် ဖြစ်သည်။

အီရတ်စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၂၇၂၇ ဦး ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်တာနက်။

ကုလလက်နက်စစ်ဆေးသူများကို အမေရိကန်ပူးပေါင်းကူညီရန် ပျက်ကွက်ခဲ့

ကုလသမဂ္ဂ မတ် ၃

အမေရိကန်ပြည်ထောင်စုက ပူးပေါင်းဆောင်ရွက်မှုမရှိသဖြင့် မိမိတို့က အီရတ်နိုင်ငံတွင် လက်နက်များ စစ်ဆေးရာတွင် အခက်အခဲဖြစ်ခဲ့ကြောင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများက အင်္ဂါနေ့တွင် ဝေဖန်ပြောကြားသည်။

အန်မိုဗစ်ခေါ် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေး ကော်မရှင်အဖွဲ့၏ နောက်ဆုံးထုတ်ပြန်သော သုံးလပတ် အစီရင်ခံစာတွင် အီရတ်လက်နက်များအရေးနှင့် ပတ်သက်၍ အမေရိကန်လက်နက်စစ်ဆေးရေးမှူး ဒေးဗစ်ကေး၏ တွေ့ရှိချက် မိတ္တူကို အမေရိကန်အစိုးရက မပေးခဲ့ကြောင်းနှင့် ကေး၏ စုံစမ်းစစ်ဆေးရေးအဖွဲ့အတွက် ကုလသမဂ္ဂ၏ သတင်းတစ်စုံတစ်ရာရရှိအောင် ပံ့ပိုးရန် အမေရိကန်အစိုးရက ပျက်ကွက်ခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်သို့ဝင်ရောက်ခြင်းမပြုမီ လွန်ခဲ့သော တစ်နှစ်က ကုလသမဂ္ဂလက်နက်စစ်ဆေးသူများ အီရတ်မှ ထွက်ခွာခဲ့သည်။

အီရတ်စစ်ပွဲအပြီးတွင် အမေရိကန်ပြည်ထောင်စုသည် ကေး ဦးဆောင်သော လက်နက်စစ်ဆေးရေးအဖွဲ့ကို အီရတ်သို့ စေလွှတ်ခဲ့သည်။ ကေး၏ အဖွဲ့သည် သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က စစ်ဆင်နွှဲနိုင်ရန် အကြောင်းပြခဲ့သည့် ပိတ်ပင်ထားသော လက်နက်များ မရှိကြောင်း တင်ပြခဲ့သည်။

ရှိပုံမရ

အစီရင်ခံစာတွင် ၁၉၉၇ ခုနှစ်နောက်ပိုင်း အီရတ်တွင် ဓာတုလက်နက်၊ ဇီဝလက်နက်များ ရှိပုံမရကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

တိုနီဘလဲ ကျူးလွန်သည့်စစ်ရာဇဝတ်မှုကို စစ်ဆေးရန် ဗြိတိန်မှ အဖွဲ့အစည်းတစ်ခုက တောင်းဆို

လန်ဒန် မတ် ၃

ဟိဂ်မြို့ရှိ နိုင်ငံတကာရာဇဝတ်မှုခုံရုံး(အိုင်စီစီ)က ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုခင်းများနှင့် ပတ်သက်နေသော စွပ်စွဲချက်များကို စစ်ဆေးပေးပါရန် ဗြိတိန်နိုင်ငံမှ စစ်ပွဲဆန့်ကျင်ရေး တရားဝင်ဆောင်ရွက်ရေး (အယ်လ်အေအေဒဗလျူ)အဖွဲ့က တိုက်တွန်းလိုက်သည်။

အယ်လ်အေအေဒဗလျူက တိုနီဘလဲ၊ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်ဖ်ဟွန်းနှင့် ရှေ့နေချုပ် လော့ဒ်ဂိုးလ်စမစ်တို့ကို ဦးတည်၍ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဂိုးလ်စမစ်သည် အမေရိကန်ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲ တရားဝင်ဖြစ်ကြောင်း အကြံဉာဏ်ပေးခဲ့သူဖြစ်သည်။

အီရတ်နိုင်ငံတွင် ဗုံးကြဲတိုက်ခိုက်မှု၊ ဗုံးပဒေသာများ အသုံးပြုခဲ့မှုနှင့် အာနိသင်လျော့ ယူရေနီယံကျည်ဆန်များ အသုံးပြုတိုက်ခိုက်ခဲ့မှုများသည် စစ်ရာဇဝတ် ဆိုင်ရာပြစ်မှုများဖြစ်ပြီး ယင်းကိစ္စများကို အိုင်စီစီက စစ်ဆေးသင့်ကြောင်း အယ်လ်အေအေဒဗလျူက ပြောကြားသည်။

ဖော်ပြပါအဖွဲ့သည် နိုင်ငံတကာဆိုင်ရာ အငြင်းပွားမှုများတွင် ဗြိတိသျှစစ်ဘက်က အင်အားသုံးဖြေရှင်းမှုမပြုစေဘဲ တရားဝင်နည်းဖြင့် သင့်လျော်သလို ဆောင်ရွက်ရန်နှင့် ယင်းကိစ္စများကို စုံစမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာ ဗြိတိသျှ ပြည်သူ၊ ပြည်သားများဖြင့် ဖွဲ့စည်းထားသည့် အုပ်စုဖြစ်သည်။ အရပ်သူ၊ အရပ်သားများ အသက်သေဆုံးမှု သို့တည်းမဟုတ် ပြည်သူ၊ ပြည်သားများ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်မည်ကိုသိလျက်နှင့် နိုင်ငံတကာဆိုင်ရာ စစ်ဆင်နွှဲ တိုက်ခိုက်မှုပြုခြင်းသည် ၎င်းအဖွဲ့၏ အဓိကစွပ်စွဲချက်ဖြစ်သည်။

အီရတ်နိုင်ငံတွင် လူအစုအပြုံလိုက်သေစေသည့် အဖျက်လက်နက်များ ရှိသည်ဟူသော စွပ်စွဲချက်၊ ကုလသမဂ္ဂဆုံးဖြတ်ချက်များအား ချိုးဖောက်မှု ရှိသည်ဆိုသော စွပ်စွဲချက်တို့သည် အီရတ်စစ်ပွဲအတွက် ဆင်ခြေဆင်လက်ပေးခြင်းသာဖြစ်ပြီး အီရတ်နိုင်ငံတိုက်ခိုက်မှုအတွက် တရားဝင်သော အခြေခံအကြောင်းတရားများ မဟုတ်ကြောင်း ယင်းအဖွဲ့က ထောက်ခံသူ ရှေ့နေတစ်ဦးဖြစ်သူမိုက်ကယ် မင်းစဖီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗုံးပေါက်ကွဲ

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဒဏ်ရာရသူ အီရတ်တစ်ဦးကို တွန်းလှည်းဖြင့် သယ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗုံးပေါက်ကွဲမှု ဖြစ်ပွား

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အသေခံဖောက်ခွဲတိုက်ခိုက်မှု ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂

အီရတ်နိုင်ငံ ကာဘာလာနှင့် ဘဂ္ဂဒက်မြို့တို့တွင် အသေခံဖောက်ခွဲတိုက်ခိုက်မှုများ ယမန်နေ့ကဖြစ်ပွားခဲ့ရာ လူ ၁၄၀ ကျော် သေဆုံးခဲ့ရသည်။ သေဆုံးသူများထဲတွင် အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးပါဝင်ပြီး နောက်ထပ် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

ကာဘာလာမြို့တွင် ပေါက်ကွဲမှုပေါင်း ကိုးခုဖြစ်ပွားခဲ့သကဲ့သို့ တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့တွင်လည်း ပေါက်ကွဲမှုလေးခုခန့် ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများသည် အီရတ်နိုင်ငံ၏ နိုင်ငံရေးလမ်းစဉ်ကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

စီစီတီဗွီ။

မတ် ၂ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံနှစ်ခုကြားမှ မီးခိုးလုံးကြီးကို အဝေးမှ လှမ်းမြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကို အမေရိကန်၏ စစ်ရေးကျူးကျော်မှုကြောင့် အစိုးရအပေါ် ပြည်သူတို့၏ ယုံကြည်မှု အနိမ့်ဆုံးသို့ ကျဆင်း

ဝါရှင်တန် မတ် ၃

အရှုံယ်ရောက်သည့် အမေရိကန်ပြည်သူလေးပုံတစ်ပုံ ကျော်ကသာလျှင် အီရတ်ကို အမေရိကန် ကျူးကျော်သိမ်းပိုက်မှု မှန်ကန်သည်ဟုယူဆသည့်အတွက် အီရတ်စစ်ပွဲစတင်ပြီးနောက်ပိုင်းတွင် အမေရိကန်၏ စစ်ရေးစွက်ဖက်မှုအပေါ် ပြည်သူတို့၏ ယုံကြည်မှု အနိမ့်ဆုံးသို့ ကျဆင်းသွားပြီဖြစ်သည်။

ထက်ဝက်နီးပါးရှိ

အီရတ်အရေးနှင့် ပတ်သက်၍ စကရစ်ဟောင်းဝပ်နယူးဆားဗစ်နှင့် အိုဟိုင်းယိုးတက္ကသိုလ်တို့ ကောက်ယူသည့်ပြည်သူ့ သဘောထားစစ်တမ်းအဆင့်ဆင့်တွင် နောက်ဆုံးကောက်ယူသည့် စစ်တမ်းအရ ယင်းသို့ သိရှိရခြင်းဖြစ်သည်။ အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမှာ မှန်ကန်သည့်လုပ်ရပ်အဖြစ် ယတိပြတ် မပြောနိုင်သူ ထက်ဝက်နီးပါးရှိသည်ဟု ထိုစစ်တမ်းတွင် တွေ့ရသည်။

ကျဆင်း

အမေရိကန်ကို တိုက်ခိုက်လာနိုင်သည် ဟူသော စိုးရိမ်ကြောင့်ကြမှုကြောင့် အီရတ်ကဲ့သို့သော နိုင်ငံတစ်နိုင်ငံကို အမေရိကန်က လက်ဦးမှုရယူတိုက်ခိုက်ရမည် ဟူသော အယူအဆကို ထောက်ခံမှုမှာလည်း လအနည်းငယ်အတွင်းတွင် ကျဆင်းသွားသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် လိုအပ်လျှင် အီရတ်၊ အာဖဂန်နစ္စတန်အပြင် အခြားနိုင်ငံများသို့ အမေရိကန်တပ်များ ဖြန့်ကြက်သင့်၊ မသင့်ဆိုသော ကိစ္စတွင်လည်း အမေရိကန်ပြည်သူတို့ သဘောထား ကွဲနေကြသည်။

စစ်တမ်း စတင်ယူ

အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်ကို တိုက်ရန် ပြင်ဆင်နေသည့် အချိန်မှစပြီး အီရတ်စစ်ဆင်ရေးအပေါ် ပြည်သူတို့၏ ထောက်ခံမှုကို ဤစကရစ်ဟောင်းဝပ်နယူးဆားဗစ်က စစ်တမ်း စတင်ယူခဲ့သည်။ မည်သည့်အခါကမျှ အီရတ်စစ်ဆင်ရေးကို ပြည်သူအများစုက ထောက်ခံသည်ကို မတွေ့ရကြောင်း သိရသည်ဆို၏။ ***အင်တာနက်။***

ဗင်နီဇွဲလားကို အရေးယူလျှင် အမေရိကန်သို့ ရေနံတင်ပို့မှု ပိတ်ပင်မည်

ကရာကာ့စ် မတ် ၃

အကယ်၍ အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံကို အရေးယူမှုများ ချမှတ်လျှင် သို့မဟုတ် ဝင်ရောက်ကျူးကျော်လျှင် အမေရိကန်သို့ ဗင်နီဇွဲလား ရေနံတင်ပို့မှုကို ပိတ်ပင်ဟန့်တားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံက အမေရိကန်သို့ ရေနံတင်ပို့မှုကို ရပ်ဆိုင်းလျှင် အမေရိကန်ပြည်ထောင်စုရှိ ဗင်နီဇွဲလားကုမ္ပဏီများကို အရေးယူမှုများ ချမှတ်မည်ဆိုသော အမေရိကန်၏ မကြာသေးမီက ခြိမ်းခြောက်မှုကို တုံ့ပြန်ရာတွင် ချာဗက်ဇ်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဘုရှ်အစိုးရသည် ဗင်နီဇွဲလားနိုင်ငံမှ အတိုက်အခံပါတီများနှင့် အကြမ်းဖက်သမားများကို ငွေကြေးအကူအညီထောက်ပံ့ပေးလျက်ရှိကြောင်း ဗင်နီဇွဲလားသမ္မတက စွပ်စွဲလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံသည် လွတ်လပ်ပြီး ဒီမိုကရေစီကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် ဗင်နီဇွဲလားပြည်သူများသည် သွေးနှင့်အသက်ကိုရင်း၍ နိုင်ငံကို ကာကွယ်သွားရန် အသင့်ရှိကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ဗင်နီဇွဲလား အစိုးရလိုလားသည့် ထောက်ခံသူများသည် အစိုးရကိုထောက်ခံရန်နှင့် ဗင်နီဇွဲလား ပြည်တွင်းရေးတွင် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ရန် လူထုအစည်းအဝေးကို တနင်္ဂနွေနေ့တွင် ကျင်းပသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မတ် ၂ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူများကို ကားဖြင့် သယ်ဆောင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတိုက်အခံပါတီ မထောက်ခံ၍ ဘလဲ အခက်အခဲနှင့် ထပ်မံကြုံတွေ့

လန်ဒန် မတ် ၃

အီရတ်စစ်ပွဲအတွင်းသို့ ဗြိတိန်နိုင်ငံကိုဆွဲသွင်းခဲ့သည့် ထောက်လှမ်းရေးသတင်းအချက်အလက်များအား စုံစမ်းစစ်ဆေးမှုကို ဗြိတိန်နိုင်ငံ၏ အဓိကအတိုက်အခံပါတီက ထောက်ခံခြင်းမရှိတော့သဖြင့် ဝန်ကြီးချုပ် တိုနီဘလဲမှာ တနင်္လာနေ့ကအခက်အခဲနှင့်ထပ်မံကြုံတွေ့ခဲ့ရသည်။

ပိတ်ပင် တားမြစ်

အတိုက်အခံကွန်ဆာဗေးတစ်ပါတီ၏ ထောက်ခံမှုမရရှိပါက ပိတ်ပင်တားမြစ်ထားသည့် အီရတ်လက်နက်များနှင့် ပတ်သက်၍ ဗြိတိသျှထောက်လှမ်းရေးဌာန၏ ဖော်ပြချက်များ လွဲချော်ခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်မည့် စုံစမ်းစစ်ဆေးမှုများသည် ဝန်ကြီးချုပ်ဘလဲအား ဝေဖန်နေမှုများကို ရပ်တန့်သွားစေမည် မဟုတ်ပေ။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအဖို့ အီရတ်အရေးကိစ္စနှင့် ပတ်သက်သည့် ထောက်လှမ်းရေး သတင်းအချက်အလက်များမှာ ပျောက်ကွယ်သွားမည့်ပုံ မရှိဘဲဖြစ်နေသည်။

ဆိုးရွားလာ

အီရတ် စစ်ပွဲ မဖြစ်ပွားရေးဘက်မှ သုံးသပ်ထားသော ထောက်လှမ်းရေးသတင်း အချက်အလက်များ ပါရှိသည့် စာရွက်စာတမ်းများပေါက်ကြားခဲ့သည့် ထောက်လှမ်းရေးဌာနမှ ဘာသာပြန်သမားတစ်ဦး၏ အမှုကို အစိုးရရှေ့နေများက ရုပ်သိမ်းခဲ့ပြီး ဗြိတိသျှထောက်လှမ်းရေးသမားများသည်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကို ထောက်လှမ်းခဲ့သည်ဟု ဘလဲအစိုးရအဖွဲ့မှ ဝန်ကြီးဟောင်းတစ်ဦးက ပြောကြားခဲ့ရာလွန်ခဲ့သည့် သီတင်းပတ်တွင် ဘလဲ၏ အခက်အခဲများ ပိုမိုဆိုးရွားလာခဲ့ရသည်။

ပယ်ချ

အီရတ်စစ်ပွဲသည် တရားဝင်-မဝင်နှင့်ပတ်သက်၍ ဗြိတိန်အစိုးရ၏ စစ်ပွဲမတိုင်မီက လျှို့ဝှက်အကြံပေးချက်အား လူသိရှင်ကြား ထုတ်ပြန်ရန် တိုက်တွန်းမှုများကို ဘလဲက တနင်္လာနေ့တွင် ပယ်ချခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကုန်သွယ်ရေးနှင့် ပတ်သက်၍ အီးယူက အမေရိကန်အပေါ် လက်တုံ့ပြန်

ဘရပ်ဆယ် မတ် ၃

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် အမေရိကန်က ပြည်တွင်းလုပ်ငန်းများအပေါ် အခွန်နှုန်းဖြတ်တောက်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ အငြင်းပွားနေသည်။ ထိုကိစ္စသည် ကုန်သွယ်ရေးစစ်ပွဲအဖြစ် ပြောင်းလဲသွားပါက အမေရိကန်ပို့ကုန်လုပ်ငန်းများအတွက် ယခုနှစ်တွင် ဒေါ်လာ သန်း ၃၀၀ မျှ နစ်နာဆုံးရှုံးဖွယ်ရာရှိသည်။ တနင်္လာနေ့က အီးယူအဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်နိုင်ငံအပေါ် ပထမဦးဆုံး အကြိမ်အဖြစ် ကုန်သွယ်ရေးသပိတ်မှောက်ခဲ့ကြသည်။

အမေရိကန်အစိုးရက အခွန်လျှော့ပေါ့ပေးသည်ကို ခံစားရသော ပို့ကုန်လုပ်ငန်းများတွင် ဘိုးအင်းနှင့် မိုက်ခရိုဆော့ဖ်ကဲ့သို့သော လုပ်ငန်းများလည်း ပါဝင်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် တရားမဝင် ထောက်ပံ့ကြေးပေးသော လုပ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)က ဆုံးဖြတ်ခဲ့သည်။ ထိုကိစ္စကြောင့် အီးယူအဖွဲ့သည် အမေရိကန်ကုန်စည်များအပေါ် ဒေါ်လာသန်း ၄၀၀၀ တန်ဖိုးအထိ ငွေကြေးပမာဏများပြားသော စီးပွားရေးသပိတ်မှောက်နိုင်မည် ဖြစ်သည်။

စီးပွားရေးသပိတ်မှောက်ရာ၌ ဥရောပကုန်သွယ်ရေးမဟာမင်းကြီး ပါစကယ်လာမီက တစ်ဆင့်ချင်းသာ ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားသည်။ သပိတ်မှောက်ရာ၌ အထည်အလိပ်၊ လက်ဝတ်ရတနာနှင့် ကစားစရာမှစ၍ ကုန်စည်အမျိုးအမည်များစွာ ပါဝင်မည်ဖြစ်သည်။ စီးပွားရေးသပိတ်မှောက်ခြင်းကြောင့် အမေရိကန် ကွန်ဂရက်လွှတ်တော်သည် သဘောထားပြောင်းသွားပြီး အကောက်ခွန်လျှော့ပေါ့ပေးသည့်လုပ်ရပ်ကို ပြင်ဆင်လာစေရန် ရည်ရွယ်သည်။ ထိုမှတစ်ဆင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ပြောင်းလဲလုပ်ဆောင်လာစေရန် ဦးတည်ချက်ထား၍ အီးယူအဖွဲ့က လှုပ်ရှားခြင်း ဖြစ်သည်ဟု ဆိုသည်။

အီးယူအဖွဲ့သည် ကနဦးအစတွင် အမေရိကန်ဒေါ်လာ ၁၆သန်းဖိုးအထိ တန်ဖိုးရှိမည့် အမေရိကန်မှ တင်ပို့သောရွေးချယ်ထားသည့် ကုန်စည်များအပေါ် အပိုဆောင်းခွန် ၅ ရာခိုင်နှုန်း ပိုမိုကောက်ခံသွားမည်။ ထိုအရေးယူမှုကို ယခုနှစ် မတ်လတွင် စတင်မည်ဖြစ်သည်။ ထို့နောက်ပိုင်းတွင် ၂၀၀၄ ခုနှစ် နှစ်ကုန်သည်အထိ တစ်လလျှင် အခွန်နှုန်း ၁ ရာခိုင်နှုန်းတိုး၍ အမေရိကန် ပို့ကုန်များအပေါ် ကောက်ခံသွားမည်။ ဤသို့ကောက်ခံခြင်းကို အမေရိကန်ဒေါ်လာ ၃၁၅ သန်းဖိုး ရောက်သည်အထိ မြှင့်တင်သွားမည်ဖြစ်သည်။ လိုလားသော အခြေအနေအထိ မရောက်သေးလျှင် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၆၆၆ သန်းသို့ ရောက်သည်အထိ ၂၀၀၅ ခုနှစ်အတွင်းသို့ ရောက်သည့်တိုင်အောင် ဆက်လက်မြှင့်တင်သွားမည်ဟု သိရသည်။ ***အင်တာနက်။***

တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၄

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာကျောင်းတိုက် သာမဏေကျော်၊ ဓမ္မာစရိယ၊ ပဋ္ဌာနိကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရသည် မတ် ၅ ရက်တွင် ဒေးဒရဲမြို့နယ် တမာတကော တူးမြောင်းရွာ၊ မတ် ၆ ရက်၊ ၇ ရက်တွင် သာကေတ(၅)ရပ်ကွက် သုမနဗိမာန်၊ မတ် ၈ ရက်တွင် ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ် ပေါက်တန်း၊ ဒိတ်ကုန်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

မြို့ခြံ၌ ရွှေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

စာရေးသူသည် ပေလီအပန်းဖြေစခန်းသို့ ရောက်ရှိနေသည်။ ကမ်းခြေ ပေလီ စိမ်းပြာပြာ ပင်လယ်ပြင်ကြီးသည် လေတဖြူးဖြူး၊ လှိုင်းတမြူးမြူးနှင့် ရှိနေသည်။ ကမ်းစပ်တစ်လျှောက်မှာ စိမ်းညို့အုံ့ဆိုင်းနေသည့် ပုန်းညက်ပင်တန်း၊ ဗာဒံပင်တန်းနှင့် အုန်းပင်တန်းများကို မျက်စိအေးဖွယ် တွေ့ရသည်။ ဘယ်ကိုပင်ကြည့်ကြည့် ရှုခင်းသာအလှများဖြင့် ပန်းသင့်နေသည်။ ထို့ကြောင့် ရှုခင်းဝေစီသောင်ကမ်းသာပေလီဟု တင်စားခေါ်ဝေါ်ကြောင်း သိရှိရပါသည်။

စာရေးသူတို့ စီးနင်းလိုက်ပါလာသော ဂျက်လေယာဉ်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၇ နာရီတွင် စတင်ထွက်ခွာခဲ့သည်။ လေယာဉ်ကောင်းကင်ယံသို့ ပျံတက်ချိန်မကြာခင်မှာပင် လေယာဉ်မယ်ကလေးက လက်ဝဲဘက်မှာတွေ့နေရတဲ့ ရေကန်ကြီးကတော့ သာခုကန်ပါ။ အောက်တည့်တည့်မှာ တွေ့ရတဲ့ လမ်းကြောင်းကတော့ ရန်ကုန်-ပဲခူးလမ်းပါဟု အောက်ဘက်မှာ တွေ့ရသည့် ရှုခင်းများကို ညွှန်ပြပြီး ပြောပြနေပါသည်။

စာရေးသူအတွက် သံတွဲသို့ ပထမဆုံး လေကြောင်းခရီးဖြစ်၍ တွေ့ရမြင်ရသည့် မြင်ကွင်းအားလုံး အထူးအဆန်း ဖြစ်နေပါသည်။ ပျံသန်းချိန် ၁၅ မိနစ်ခန့် အကြာတွင် အခုအချိန်မှစပြီး ဧရာဝတီမြစ်ကို စတင်ဖြတ်သန်းနေပါပြီ။ လက်ယာဘက်မှာ မြင်နေရတဲ့မြို့က ဓနုဖြူမြို့ဖြစ်ပါတယ်။ ပြီးရင် ဟင်္သာတမြို့ကို ဖြတ်ပါ့မယ်လို့ လေယာဉ်မယ်ကလေးက ကြေညာပြန်ပါသည်။ အောက်ဘက်ကို ငုံ့ကြည့်လိုက်ရာ မြွေလိမ်မြွေကောက်ပမာ ရစ်ခွေစီးဆင်းနေသော ဧရာဝတီမြစ်ကြောင်းနှင့် ဓနုဖြူမြို့ကို မှုန်ပျပျမြင်တွေ့လိုက်ရသည်။

လေယာဉ်သည် အမြင့်ပေ ၂၃၀၀၀ ကျော်မှ ပျံသန်းခဲ့ပြီး ပျံသန်းချိန် ၄၅ မိနစ်ဖြင့် သံတွဲ မဇင်လေဆိပ်ပေါ်သို့ ရောက်ရှိလာပါသည်။ လေယာဉ် မဆင်းခင်မှာပင် တွေ့ရသည့် မြင်ကွင်းများကို လေယာဉ်မယ်ကလေးက ပြောပြပြန်ပါသည်။ ခပ်လှမ်းလှမ်းမှာမြင်နေရတဲ့ ချောင်းကတော့ သံတွဲချောင်းပါပဲ။ အောက်ဘက်မှာ စိမ်းပြာပြာ မြင်နေရတဲ့ ရေပြင်ကြီးကတော့ ပေလီကမ်းခြေအနီးက ပင်လယ်ပြင်ကြီးပဲဖြစ်ပါတယ်ဟု ဆိုသည်။

စာရေးသူသည် လေယာဉ်ပေါ်တွင် မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာ စာစောင်တစ်ခုကို ဖတ်ရှုခဲ့ရသည်။ ၁၇၀၀ ကီလိုမီတာခန့် ရှည်လျားသည့် မြန်မာနိုင်ငံ ကမ်းခြေများသည် ရင်သပ်ရှုမောဖွယ် နေဝင်ချိန်အလှ၊ လှပသော ငွေရောင် သဲသောင်ပြင်၊ လေယူရာယိမ်းနွဲ့နေသည့် အုန်းပင်ရှည်များ၊ သန့်ရှင်းသော ပင်လယ်ရေ စသည့် အဆင်တန်ဆာတို့ဖြင့် အပန်းဖြေသူတို့ကို ငံ့လင့်ကြိုဆိုလျက်ရှိသည်ဟူ၍ ဖော်ပြထားသည်။

မဇင်လေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ချိန် စိမ်းပြာပြာ ပင်လယ်ပြင်ကြီးကို ဖြတ်သန်းတိုက်ခိုက်လာသည့် လေနုအေးကလေးက စာရေးသူတို့ကို ထွေးပိုက်ကြိုဆိုလိုက်သည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်အများစုသည် ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူကောင်းမွန်သောကြောင့် ပေလီကမ်းခြေတွင် အပန်းဖြေလေ့ရှိကြသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် အထင်ရှားဆုံး ကမ်းခြေဖြစ်သည့် ပေလီကမ်းခြေသို့ သံတွဲလေဆိပ်မှ မိနစ် ၂၀ ကြာမျှ ကားစီးရုံဖြင့် ရောက်ရှိလေသည်။

ပေလီကမ်းခြေသို့ သွားရောက်ရန်အတွက် ရန်ကုန်မှ ကားလမ်းခရီးဖြင့် သွားလျှင် ၁၆နာရီခန့်ဖြင့်ရောက်ရှိနိုင်သည်။ ရန်ကုန်မှ လေယာဉ် ၄၅မိနစ်ခန့် စီးရုံဖြင့် သံတွဲလေဆိပ်သို့ရောက်ရှိကာ ချောမွေ့သော လမ်းပေါ်တွင် မိနစ် ၂၀ ခန့် မောင်းနှင်ပြီး ကမ်းခြေသို့ ရောက်ရှိနိုင်သည့်အတွက် သွားရေးလာရေးအဆင်ပြေလှသည်။

သံတွဲလေဆိပ်သို့ မြန်မာ့လေကြောင်း၊ Yangon Airways နှင့် Air Mandalay မှ လေယာဉ်များ ပျံသန်းပေးလျက်ရှိသည်။

ပေလီကမ်းခြေစခန်းသည် ရွာကလေးဖြစ်၍ မဇင်လေဆိပ်မှ နှစ်မိုင်မျှသာ ကွာဝေးသည်။ သံတွဲမြို့အနီး ယခု ပေလီစခန်းသို့ ရောက်ရှိခဲ့ကြသော အီတလီလူမျိုးများက ပေလီစခန်းသည် အီတလီနိုင်ငံရှိ **နေပလီ(နေပယ်)** ကမ်းခြေစခန်းကဲ့သို့ အလွန်သာယာ၍ ရှုခင်းအလွန်ကောင်းရကား **နေပလီ** ဟု ခေါ်ဆိုခဲ့ကြရာ နောင်ကာလရွေ့လျောလာသောအခါ **နေပလီ** မှ **ပေလီ** တွင်လာရခြင်းဖြစ်သည်ဟု သိရသည်။

လာရောက်အပန်းဖြေကြသူများသည် ကျယ်ပြောလှသော သဲသောင်ပြင်ကြီးပေါ်တွင် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ကြသည်။ ထုပ်ဆီးတိုးပွဲ၊ လွန်ဆွဲပွဲ၊ အုန်းသီးပစ်ပွဲ၊ ဘောလုံးပွဲ၊ ဆိုင်ကယ်စီး၊ မြင်းစီး၊ စက်ဘီးစီး ကစားနည်းမျိုးစုံဖြင့် ပျော်ရွှင်နေကြသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

သုံးကီလိုမီတာခန့် ကျယ်ပြန့်သည့် ပေလီကမ်းခြေတွင် အခန်းစုစုပေါင်း ၂၀၀ ကျော်ရှိသည့် ဟိုတယ် ခြောက်လုံးရှိသည်။ သဘာဝနှင့် သင့်တင့်အောင် ဆောက်လုပ်ထားသည့် ဘန်ဂလိုဆန်ဆန် ဟိုတယ်များမှသည် ကြယ်နှစ်ပွင့်အဆင့် အထိ အမျိုးမျိုးစုံလင်လှသည်။

ပေလီကို အေးချမ်းသော အပန်းဖြေရာ နေရာတစ်ခုအနေဖြင့် သတ်မှတ်ထားသောကြောင့် ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းလျက်ရှိသည်။

ပေလီရှိ ဟိုတယ်အားလုံးကို သဘာဝပတ်ဝန်းကျင် မြင်ကွင်းနှင့် လိုက်လျောညီထွေဖြစ်အောင် တည်ဆောက်ထားသည်ဟု သိရသည်။

ကမ္ဘာလှည့်ခရီးသည်များအကြားတွင် လူသိများထင်ရှားသော ပေလီကမ်းခြေ ရှုခင်းသာအပန်းဖြေစခန်းများတည်ရှိရာ သံတွဲမြို့သည် ရှေးယခင်က ဒွါရာဝတီဟူ၍ ထင်ရှားခဲ့သည်။ အာကာသတွင် ပျံဝဲတတ်သောမြို့ကို မပျံရလေအောင် သံနှင့် တွဲချိတ်ချည်နှောင်သဖြင့် သံတွဲမြို့ဟု တွင်လာခြင်းဖြစ်သည်ဟု အဆိုရှိသည်။

မြန်မာနိုင်ငံတွင် အပန်းဖြေ ကမ်းခြေစုစုပေါင်း ခုနစ်ခုခန့်ရှိရာ ချောင်းသာ၊ ငွေဆောင်၊ ကမ်းသာယာနှင့် ပေလီကမ်းခြေတို့လည်း အပါအဝင်ဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် ရန်ကုန်-စစ်တွေ ကားလမ်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ တံတားကြီးပေါင်း ၁၀ စင်းနှင့် တံတားငယ်၊ တံတားလတ်ပေါင်း ၈၀၆ စင်းတို့ကို ခဲရာခဲဆစ် တည်ဆောက်ခဲ့ရသည်။

အပြောကျယ်သော၊ ရေစီးသန်သော မြစ်များ၊ ချောင်းများကိုပင် တံတားကြီးများ ဖြတ်သန်းတည်ဆောက်ခဲ့သည်။ ထို့ပြင် အမ်း-စစ်တွေ လမ်းပိုင်းတစ်လျှောက်၌ ဝေသီမြင့်မားသော တောင် ၁၃ လုံးကို ဖြတ်ကျော်၍ ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ရသည်။

"ယနေ့သည်လျှင်
ရေကြည်မြနှစ်၊ အလှသစ်သည့်
ကစ္ဆပနဒီ၊ ညပန်းချီဝယ်
မြရည်နန္ဒာ၊ ဝတီသာမှ
ဒေဝါနတ်များ၊ ဖန်ဆင်းထားသို့
တံတားခုံထည်၊ မြင်ရသည်လျှင်
ပြည်သူအလုံး၊ ပီတိဖုံး၍
နှလုံးသည်းစိုင်၊ အပြုံးလှိုင်သည်
ရခိုင်ပြည်နယ် အောင်ပွဲတည်း။" ။

(မြင်းမူမောင်နိုင်မိုး)

အရှည် ၂၅၁၂ ဒသမ ၅ ပေရှိ ကစ္ဆပနဒီတံတား တည်ဆောက်ပေးခဲ့ရာ ကျပ်ငွေသိန်းပေါင်း ၂၅၀၀၀ ကျော်နှင့် ဒေါ်လာနှစ်သန်းခွဲခန့် ကုန်ကျခဲ့သည်။ ဤရန်ကုန်-စစ်တွေလမ်းမကြီးကို ပြည်ပအကူအညီမပါဘဲ မြန်မာတို့၏အင်အား၊ မြန်မာတို့၏ စွမ်းပကားဖြင့် လက်စွမ်းပြ၍ ငွေကျပ်သန်းပေါင်း ၉၅၀၀ နှင့် ဒေါ်လာသန်း ၁၀၀ ကျော်အကုန်အကျခံကာ သမိုင်းမော်ကွန်းတင်ပြီး တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ဒေသ၏ အကြီးမားဆုံးသော အသားငါးရောင်းဝယ်ရေးစခန်းသည် ပေလီနှင့် ခြောက်မိုင်အကွာရှိ လုံးသာစခန်းဖြစ်သည်။ အအေးခန်းစက်ရုံကြီးတည်ရှိပြီး ကမ်းနီးကမ်းဝေးမှ ဖမ်းယူရရှိသော ငါး၊ ပုစွန်များကို နိုင်ငံခြားသို့ တိုက်ရိုက်တင်ပို့သော စခန်းဖြစ်သည်။

ယခုအခါ သင်္ဘောဆိပ်ကောင်းတစ်ခုကို မရိုးပင်လယ်ကွေ့ရှိ လုံးသာတွင် တည်ဆောက် အသုံးပြုနိုင်ပြီဖြစ်သည်။

ရန်ကုန်-စစ်တွေ လမ်းမကြီးပေါ်တွင် ဂွမြို့နယ် ဆပ်သွားကျေးရွာအနီး၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားတစ်စင်းမှာ ဆပ်သွားတံတားဖြစ်သည်။ ဆပ်သွားတံတားသည် ရခိုင်ပြည်နယ်၏ တံတားကြီးများအနက် ၁၉ စင်းမြောက် ဖွင့်လှစ်ပေးခဲ့သော တံတားကြီးဖြစ်သည်။

တံတားအရှည်မှာ ပေ ၆၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၈၅ ပေ၊ အမြင့် ရှစ်ပေရှိသည်။ အပေါ်ထည်နှင့် အောက်ထည် သံကူကွန်ကရစ်တံတားဖြစ်ပြီး အုတ်မြစ်မှာ သံကူကွန်ကရစ် ရေတွင်းခွေ၊ သံကူကွန်ကရစ်ပိုင် အမျိုးအစားဖြစ်သည်။ ကုန်ကျငွေ စုစုပေါင်း ငွေကျပ်သန်း ၃၄၀ ဖြစ်သည်။

ရခိုင်ပြည်နယ်၏ သံတွဲ-ဂွ-သိုင်းချောင်းလမ်း၊ တောင်ကုတ်-သံတွဲလမ်းပိုင်း၊ တောင်ကုတ်-မအီ-အမ်းလမ်းပိုင်း၊ မင်းဘူး-အမ်း-တပ်တောင်လမ်းပိုင်းတို့ကို ဖောက်လုပ်ပေးခဲ့ပြီဖြစ်၍ လမ်းပန်းဆက်သွယ်မှု အလွန်အဆင်ပြေလျက်ရှိသည်။

ရခိုင်ရိုးမရှိ နေပူတောင် ကျောက်တောင်ကြီးမှ အလွန်တန်ဖိုးရှိသော အီတာလျံကျောက်ပြားများကို ထုတ်လုပ်လျက်ရှိသည်။

ပေလီကမ်းခြေ အပန်းဖြေခရီးစဉ်မှ လေ့လာသိရှိခဲ့ရသော ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ရေးသားတင်ပြလိုက်ပါသည်။ ။

မြို့ဦးစေတီများ ထီးတော်တင်လှူ ပူဇော်မည်

ရန်ကုန် မတ် ၄

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်း ဆရာတော်ကြီးအား အမှူးထား၍ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူသျှောင်မြတ်ဘုန်းခေါင် မြို့ဦးစေတီများအား ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို မတ် ၅ ရက်(တပေါင်းလပြည့်)နေ့မှ မတ် ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် ရွှေတိဂုံဆံတော်ရှင် ပုံတော်ပွားစေတီ၊ မန္တလေး မဟာမြတ်မုနိပုံတော်ပွား၊ ကေလာသဆံတော်ရှင် ပုံတော်ပွားစေတီ၊ ပုဂံဓမ္မရာဇက ပုံတော်ပွားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတော်ပွား၊ ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတော်ပွားစေတီ၊ ရှင်ဥပဂုတ္တရုပ်ပွားတော်၊ ရှင်သီဝလိရုပ်ပွားတော်၊ သတ္တဌာန၊ တံခွန်တိုင်ကျောင်း စေတီတော်များကို တည်ထားခဲ့ပြီး အရံစေတီတော်များအပါအဝင် ထီးတော်ပေါင်း ၁၇၁ ဆူကို ရွှေထီးတော် တင်လှူပူဇော်မည်ဖြစ်သည်။

အဆိုပါရွှေထီးတော်များ၊ ငှက်မြတ်နားတော်များ၊ စိန်ဖူးတော်များကို ဖေဖော်ဝါရီ ၂၉ ရက်မှ စတင်၍ မင်္ဂလာဒုံဥယျာဉ်မြို့တော်မှ ကျိုက်ထီးဆောင်းဆံတော်ရှင်မြတ်၊ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်၊ ရွှေတိဂုံ ဆံတော်ရှင်မြတ်များသို့ ဒေသစာရီ ပင့်ဆောင်၍ ရင်ငွေ့လှူ သီတင်းသုံးစေခဲ့ပြီး မတ် ၄ ရက် ညနေပိုင်းတွင် မင်္ဂလာဒုံ ဥယျာဉ်မြို့တော်သို့ ပြန်လည်ပင့်ဆောင်သည်။

မတ် ၅ ရက် နံနက် ၇ နာရီတွင် စေတီတော်များ၏ ပန်းလည်တိုင်များနှင့် ထီးတော်များအား တင်လှူပူဇော်ပြီး၊ မတ် ၇ ရက် နံနက် ၈ နာရီတွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ တင်လှူပူဇော်မည် ဖြစ်ကြောင်းနှင့် မတ် ၅ ရက်နှင့် ၆ ရက်ညများတွင် ပျော်ပွဲရွှင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ နားဝင်ပြိမ့်စီးသီချင်းကြီး
၄:၂၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** The Purpose of accounting and double entry book-keeping (စီးပွားရေး၊စီးပွားစီမံ)
၅:၃၀	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၁၁)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (အပိုင်း-၃၄)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲ နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၀ရက်နှင့် ၁၁ရက်တို့တွင်ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်စာစီစာကုံးနှင့် ကဗျာများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး ပထမ၊ဒုတိယ၊တတိယနှင့် အထူးဆု အသီးသီးရရှိကြသော ကျောင်းသား၊ ကျောင်းသူများ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မသက်ဝေလှိုင်(ပထမနှစ် ဘီအီးဒီ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း)က ပထမ၊ မဆုမွန်မွန်နှင်း(ဒုတိယနှစ်သိပ္ပံ၊ တောင်ကြီးပညာရေးကောလိပ်)ကဒုတိယ၊ မခိုင်ချစ်ဆု (ပထမနှစ် ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန်)က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မစောဣန္ဒာသက်မောင် (တတိယနှစ် ဂုဏ်ထူးတန်း၊ မြန်မာစာ ပဲခူးဒီဂရီကောလိပ်)၊ ဗိုလ်လောင်းရဲဝင်းမြင့် (နောက်ဆုံးနှစ်ဓာတုအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ပြင်ဦးလွင်)၊ မောင်သီဟထွန်း [ဒုတိယအမ်ဘီဘီအက်စ်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]၊ မအိခိုင်မွန်(ပထမနှစ် သိပ္ပံ၊ မြောင်းမြပညာရေးကောလိပ်)နှင့် မောင်ဝင်းကိုကို(ပထမနှစ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊မိတ္ထီလာ)တို့က အသီးသီးရရှိကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ

တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်ကဗျာပြိုင်ပွဲ တွင် မစောဣန္ဒာသက်မောင်(တတိယနှစ် ဂုဏ်ထူးတန်း မြန်မာစာ၊ပဲခူးဒီဂရီကောလိပ်)ကပထမ၊ဗိုလ်လောင်း လှဝင်းအောင် (နောက်ဆုံးနှစ်၊ မြို့ပြအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်)က ဒုတိယ၊ ဗိုလ်လောင်းဉာဏ်ပိုင်စိုး (ဒုတိယနှစ်၊ကွန်ပျူတာ၊ စစ်တက္ကသိုလ်၊ပြင်ဦးလွင်)က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မောင်သီဟထွန်း(ဒုတိယ အမ်ဘီဘီအက်စ်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်)၊ မမျိုးဝင်းနွယ်(ဒုတိယနှစ် ဂုဏ်ထူးတန်း၊သမိုင်း၊ မော်လမြိုင်တက္ကသိုလ်)၊ ဗိုလ်လောင်းမြင့်မောင်မောင် (နောက်ဆုံးနှစ်၊ စက်မှုအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ပြင်ဦးလွင်)၊မဖြူပြာဝင်း(ပထမနှစ်သိပ္ပံ၊ စစ်ကိုင်းပညာရေးကောလိပ်)နှင့် မောင်ညီညီနိုင် (ဒုတိယနှစ်ဂုဏ်ထူးတန်း၊ မြန်မာစာ၊ပုသိမ်တက္ကသိုလ်)တို့က အသီးသီးရရှိကြသည်။

အထက်တန်းအဆင့်

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မအေးချမ်းမြ[နဝမတန်း၊ အထက(၁) ညောင်လေးပင်]က ပထမ၊ မဝေသီမြင့်(နဝမတန်း၊ အထက၊သုံးဆယ်)က ဒုတိယ၊ မောင်ရဲထက်ကို [နဝမတန်း၊အထက(၂)မိတ္ထီလာ]က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မခိုင်မာလာညွန့် [နဝမတန်း၊ အထက(၁)ကြည့်မြင်တိုင်]၊ မခိုင်စံမျိုးဝင်း[အဋ္ဌမတန်း၊အထက(၂)မုဒုံ)]၊ မပေရယ်ထွန်း [အဋ္ဌမတန်း၊အထက(၂)ပုသိမ်]၊ မအိဖြူဖွေး[နဝမတန်း၊ အထက(၂)စစ်ကိုင်း]နှင့် မောင်ကျော်ငြိမ်းခိုင် [နဝမတန်း၊ အထက(၂)စစ်တွေ]တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ တွင် မစန္ဒာခိုင်ဝင်း[အဋ္ဌမတန်း၊အလက(၃) ရွှေပြည်သာ]က ပထမ၊မောင်ပိုကဲ[အဋ္ဌမတန်း၊အထက(၂)စစ်ကိုင်း]က ဒုတိယ၊ နန်းငုဝါဖူးပွင့်ဦး [အဋ္ဌမတန်း၊အထက(၁)ပဲခူး]က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်လှိုင်မြင့် [နဝမတန်း၊အထက(၁)မင်းဘူး]၊ မောင်ထူးနောင်စိုး[အဋ္ဌမတန်း၊အလက ကော့ပရံရွာ၊မုဒုံ]၊ မောင်ဖြိုးမြတ်ဖော် [နဝမတန်း၊အထက(၁) သာယာဝတီ]၊ မသီတဂူကျော်မြင့်[အဋ္ဌမတန်း၊အထက(၃) မြစ်ကြီးနား]နှင့် မသက်စုလှိုင်[နဝမတန်း၊အထက၊ပုလော]တို့က အသီးသီးရရှိကြသည်။

အလယ်တန်းအဆင့်

အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ကျော်ခိုင်ထက်[ပဥ္စမတန်း၊ အလက(၁) ပုသိမ်]က ပထမ၊ မရွှေစင်[သတ္တမတန်း၊ အလက(၁) တောင်ဥက္ကလာပ]က ဒုတိယ၊မနုထက်ထက်လွင် [သတ္တမတန်း၊ အထက(၄)စစ်တွေ]က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မဝင့်ဝါဖြိုး [သတ္တမတန်း၊အထက သုံးဆယ်]၊ မခိုင်ခိုင်မင်း[သတ္တမတန်း၊ အထက(၁)ပဲခူး]၊ မနှုံးနှုံးမိုင်[သတ္တမတန်း၊အထက(၃)မြစ်ကြီးနား]၊ မခင်စန္ဒီထွန်း [သတ္တမတန်း၊ အထက(၂)မုဒုံ]နှင့် မိအိမ့်မျက်သွယ် [သတ္တမတန်း၊ အထက(၂) ဘားအံ]တို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ တွင် မမိမိအောင်ဝင်း[သတ္တမတန်း၊အလက(၄) ရေနံချောင်း]က ပထမ၊ မဝင့်ဝါဖြိုး [သတ္တမတန်း၊အထက သုံးဆယ်]က ဒုတိယ၊ မမေသူကျော် [ဆဋ္ဌမတန်း၊အထက(၆)ပုသိမ်]က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မောင်သုတဖော်[သတ္တမတန်း၊အလက(၄)တောင်ဥက္ကလာပ]၊ မောင်သာနိုး[ဆဋ္ဌမတန်း၊ အထက(၂)စစ်ကိုင်း]၊ မဖြိုးအိအိ [ဆဋ္ဌမတန်း၊ အထက(၈)မော်လမြိုင်]၊မမေဆုစန္ဒီလွင် [သတ္တမတန်း၊အထက(၁)တောင်ငူ]နှင့် မဖူးပွင့်ဖြူ [သတ္တမတန်း၊ အထက(၂၂)ချမ်းအေးသာစံ၊ မန္တလေး]တို့က အသီးသီးရရှိကြသည်။

ဆုချီးမြှင့်မည်

ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ မတ် ၂၇ရက်တွင် ဆုများကို ချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ဆုရရှိသူများသည် ကျောင်းအုပ်ကြီး၊ အထက(၁)စမ်းချောင်း ရန်ကုန်မြို့သို့ လည်းကောင်း မတ် ၂၄ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။ အထူးဆုရရှိသူများအား မိမိတို့နေထိုင်ရာ ဒေသနှင့် နီးစပ်ရာ တိုင်း၊ တပ်မ စစ်ဌာနချုပ်များတွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုများကိုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

အထက(၆)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၄

ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံ ပညာအထက်တန်းကျောင်း (ယခင်စိန့်ပေါလ်)ကျောင်းသားဟောင်းများ၏ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မတ် ၂ရက်တွင် ဗိုလ်တထောင်မြို့နယ်၊အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ ၁၉၆၅ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမ ၁၄၆ဦးတို့ တက်ရောက်ကြပြီး ကျောင်းသားဟောင်းများက ပူဇော်ကန်တော့ကြသည်။ ပူဇော်ကန်တော့ရာတွင် ဆရာ၊ဆရာမ တစ်ဦးလျှင် ကျောင်းသားဟောင်းများက စုပေါင်း၍ ငွေကျပ် ၂၀၀၀၀စီ၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် ၃၀၀၀၀စီနှင့် တန်ဖိုးငွေကျပ် ၅၀၀၀ရှိ ဝတ်စုံတစ်စုံစီ၊ မိုးမြေ နေလကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးနေမိုးက တန်ဖိုးငွေကျပ် ၁၀၀၀၀ရှိ ဆန်အိတ်တစ်အိတ်စီ၊ ဒေါက်တာ သာရင်မြတ်က ငွေကျပ် ၅၀၀၀စီ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၅သိန်းခန့် လှူဒါန်းကြသည်။ ထို့ပြင် မျိုးဆက်သစ် ညီငယ်ကျောင်းသားများက ၁၉၈၁ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ဆရာမ ၂၁၁ဦးတို့အား ဒုတိယအကြိမ်အဖြစ် မြတ်ဆရာပူဇော်ပွဲကို ဆက်လက်ကျင်းပ သည်။ (သတင်းစဉ်)

တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကျင်းပသော ဝတ္ထုရှည်ပြိုင်ပွဲ၌ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ပြိုင်ပွဲ၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆေးရေးညွှန်ကြားရေးမှူးရုံးမှ သင်မိုးနီ၏ "ရွက်မကြွေတောက"ပထမ၊ တပ်မတော် မိုးလေဝသ တိုင်းတာရေး တပ်မှဝမ်းထက်မိုး(ဇိန့်-အောင်လံ)၏ "နှောင်သံသရာတိုင် တည်မြဲသစ္စာ"က ဒုတိယ၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ စိုးနောင်(ပေါက္ကံ)၏ "ကန္တာရလမ်းခရီးကြမ်းမှငြိမ်းချမ်းတေးကူရွှေချိုးဖြူ"က တတိယနှင့် ကမာရွတ်မြို့နယ်မှ သာစုမြေဘုန်းရှိန်၏ "လေနီကြမ်းနှင့်ပန်းပေါင်းများစွာ"နှင့် ခဝဲခြံ၊ သမိုင်းမှဇော်မြင့်သိန်း၏ "တူယှဉ်ကာတိုက်စို့"တို့က အထူးဆုများကို အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် မတ် ၂၇ရက် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများကို တက်ရောက်ယူရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၄ရက်၌ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူစင်ဝင်း၏ ဝတ္ထုဇာတ်ညွှန်းကို ခင်မာလာထွန်း စီစဉ်ထုတ်လွှင့်လိုက်သည့်"ရဲဘော်စိတ်"ဇာတ်လမ်းပမာ နားဆင်စရာကို ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခင်ဇာခြည်ကျော်၊ မြန်မာ့အသံ ဦးသစ္စာနှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ကြစဉ်။ (မြန်မာ့အသံ)



ရဲဘော်စိတ်ဇာတ်လမ်းပမာ နားဆင်စရာထုတ်လွှင့်မည်

ရန်ကုန် မတ် ၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူစင်ဝင်း၏ ဝတ္ထုဇာတ်ညွှန်းကို ခင်မာလာထွန်း စီစဉ်ထုတ်လွှင့်လိုက်သည့် "ရဲဘော်စိတ်"ဇာတ်လမ်းပမာ နားဆင်စရာကို မတ် ၇ရက် မွန်းလွဲ ၁၂နာရီခွဲနှင့် မတ် ၉ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တို့တွင် မြန်မာ့အသံက ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခင်ဇာခြည်ကျော်၊ မြန်မာ့အသံ ဦးသစ္စာနှင့် မြန်မာ့အသံ ဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြသည်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အကြံပေး ပုဂ္ဂိုလ် ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထား တင်ပြသည်။

ရှေးဦးစွာ ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ...များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဥပုသ်နေ့နှိုးဆော်ချ

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သ

လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနား အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော နိုင်ငံတော် အေးချမ်းသ
တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတေ
နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတေ
များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယ
အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံ
နှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြစ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေ့ထူးဆောင်ချက်

ာက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်
ဆော်အပ်ပါသည်။

မ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်
နီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်
)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ
ာ်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီး
ဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့ကြွရောက်တော်မူလာ

ရန်ကုန် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူတော်မူကြမည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တ ဗောဓယာဂမဝိမလသိရီ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် လာအိုနိုင်ငံမှ Ven. Kao Buddhavong နှင့် Ven. Noi Sangvalo၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ven. Dhamasen Mahathero၊ နီပေါနိုင်ငံမှ ဘဒ္ဒန္တဝိမလာနန္ဒ၊ အိန္ဒိယနိုင်ငံမှ Ven. Dr. Rastrapal Maheraq၊ အင်ဒိုနီရှားနိုင်ငံမှ Ven. Khantidharo Thera၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် အင်္ဂလန်နိုင်ငံမှ Ven. Galayaye Piyadassi နှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် အင်္ဂလန်နိုင်ငံမှ ဘဒ္ဒန္တသောမရတန အရှင်သူမြတ်များသည်လည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နီပေါနိုင်ငံမှ သီလရှင်ဆရာကြီး အန္ဒဂါရိက ဉာဏသီလသည်လည်းကောင်း ယမန်နေ့ည ၈နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူလာကြသည်။

အဆိုပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူတော်မူကြမည့် ပြည်ပနိုင်ငံများမှ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးများမှ တာဝန်ရှိသူများက ကြိုဆိုဖူးမြော်ကြသည်။ (သတင်းစဉ်)

ာ ဒေါ်ခင်ဝင်းရွှေတို့က ဆရာတော်ကြီးအား
ာ်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လှူဖွယ်ပစ္စည်းဆက်ကပ်

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးတို့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ယနေ့ထုတ်
ဓာတ်ရေ
၁၉၅၄၅၇

တွံတေး ရွှေဆံတော်စေတီတော် ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၁ရက်မှ ၅ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲ မဟာပဌာန်းတော်မြတ်ပူဇော်ပွဲ၊ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ မျက်လှည့်၊ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ဆိုင်ခန်းများကို မတ် ၂၀ရက် နံနက် ၁၀နာရီတွင် ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

ဒုလ္လဘရဟန်းခံနှင့် ဓမ္မာရုံရေစက်ချပွဲကျင်းပမည်

ရန်ကုန် မတ် ၄

ရန်ကုန် ထောက်ကြန့် ပုပ္ပားကျောင်း ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိစ္စနှင့် သစ်ဆိမ့်ပင်ကျောင်း ဘဒ္ဒန္တဝိပုလတို့ ကြီးမှူး၍ တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ရာပြည့်ကျောင်းတွင် မတ် ၈ရက်မှ ၁၄ ရက်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲ၊ မတ် ၁၅ ရက်တွင် ဒုလ္လဘရဟန်းခံ၊ စုပေါင်းရှင်ပြုပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား ဂုဏ်ပြုပူဇော်ပွဲနှင့် မတ် ၁၆ ရက်တွင် တည်ဆောက်ပြီးစီးသွားသော သာသနိကဓမ္မာရုံကြီးကို လှူဒါန်းရေစက်ချမည်ဖြစ်သည်။ ဒုလ္လဘရဟန်းများနှင့် တရားစခန်းဝင်ယောဂီများအား အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုပါက ဖုန်း-၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၄ (သောကြာနေ့)

၁၃၆၅ခုနှစ်၊ တပေါင်းလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သတ္တသတ္တာဟ စံနေတော်မူခန်း(ဖြူသီ)
- ၈:၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ ဖောင်းကတောရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၅ ၆။ ဓမ္မပူဇာတေးအစီအစဉ်
- ၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၉။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၆:၁၅ ၁၀။ Discovery.
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၄)**
- ၇:၄၀ ၁၄။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း-၁)**
- ၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြောင်းမြ(ဝါးကျောင်း)ဝိသုဒ္ဓိဆရာတော် တရားဟောမည်

ရန်ကုန် မတ် ၄

မြောင်းမြ(ဝါးကျောင်း)ဝိသုဒ္ဓိဆရာတော်သည် ရန်ကုန်မြို့ ပုလဲမြို့သစ် အင်ကြင်းလမ်းရှိ မေပယ်လ် အထည်ချုပ်စက်ရုံပိုင်ရှင် ဒေါက်တာအောင်ဝင်း–ဒေါ်ကြွေကြွေဇင်တို့၏ ပင့်ဖိတ်ချက်အရ မတ်ဖြရက်နံနက် ၉နာရီတွင် ယင်းစက်ရုံ၌လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ဇေယျာသီရိကျောင်းတိုက် ပဓာနနာယကဆရာတော်၏ ပင့်ဖိတ်ချက်အရ မတ် ၇ ရက် ည၇နာရီတွင် ယင်းကျောင်းတိုက်၌လည်းကောင်း ဝိပဿနာတရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး



❀ ကျောဖုံးမှ

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းခန်းမဆောင်၌ ရေးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမအမှာစကား ပြောကြားသည်။

များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည့် လိုအပ်သော ပညာတတ်လူ့အရင်းအမြစ်များလည်း ပြည့်စုံမည်ဆိုလျှင် ယင်းဒေသသည်အမှန်တကယ် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

ဒေသအလိုက် လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သော တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများကို ထူထောင်ပေးလျက်ရှိကြောင်း၊ အလုပ်လုပ်ကြမှသာ ခနဉစွာဖြစ်ထွန်းမှာဖြစ်၍ အလုပ်ကိုလူတိုင်းကြိုးကြိုးစားစားလုပ်ကြရန် တိုက်တွန်းပြောကြားနေရခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ် ရေးမြို့နယ်မြေခံတပ်ရင်းခန်းမတွင် ရေးမြို့ ဌာနဆိုင်ရာများ၊ ရေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးခိုင်မာရေးတို့အတွက် အားလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့မီးရထားက ရေးမြို့၌ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ကားလမ်းနှင့် ရထားလမ်းပါ ရေးမြစ်ကူးတံတားကိုလည်းကောင်း၊ ရေးမြို့ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ရောက်ရှိကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား လမ်းညွှန်မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ်ရေးမြို့သို့ ရောက်ရှိရာ ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တံခါးဝ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ရေးမြို့သည် ယခင်က ကားလမ်းဆုံးသည့်မြို့၊ရထားလမ်းဆုံးသည့်မြို့ဖြစ်ခဲ့ကြောင်း၊ ယခုအခါ ထားဝယ်–မြိတ်၊ထိုမှတစ်ဆင့် ကော့သောင်းမြို့အထိ ကားလမ်းပေါက်သွားပြီဖြစ်သည့်အပြင် ထားဝယ်မြို့ထိရထားလမ်းပေါက်သည့်အတွက် ခရီးလမ်းဆုံးမြို့မဟုတ်တော့ကြောင်း၊ တနင်္သာရီတိုင်းတစ်ခုလုံးက ကျောထောက်နောက်ခံပြုထားသည့် တံခါးဝဖြစ်လာပြီဖြစ်၍ နောင်တွင် ရေးမြို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ရေးမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းကောင်းမွန်သည့်အပြင် သားငါးလုပ်ငန်းလည်း အလားအလာကောင်းသဖြင့် အခြေခံကောင်းရှိသောဒေသဖြစ်ကြောင်း၊ ဤအခြေအနေကောင်းပေါ်တွင် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်အကြား လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်အောင် ထပ်ဆင့်ဆောင်ရွက်ပေးလိုက်သဖြင့် စီးပွားကုန်သွယ်မှုအရ၊ ဆက်သွယ်သွားလာမှုအရ ပိုမိုဖွံ့ဖြိုးစည်ပင်လာမှာဖြစ်ကြောင်း။

ကြိုးကြိုးစားစား

မည်သို့ပင်ဖြစ်စေ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိဒေသ၏ စီးပွားရေးတောင့်တင်းရေးအတွက် ဒေသခံပြည်သူများက အလုပ်ကို ကြိုးကြိုးစားစားလုပ်ကြရန်လိုကြောင်း၊ အလုပ်ကို ထိထိရောက်ရောက်အလုပ်လုပ်ကြပြီး လုပ်ငန်း

ရော်ဘာနှင့် ဂရုတ်ကောင်းကို ရည်မှန်းချက်နှင့်အညီ နှစ်အလိုက် တိုးချဲ့စိုက်ပျိုး အလားအလာကောင်းသော သားငါးကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်

❍ စာမျက်နှာ ၁၀ မှ

မော်လမြိုင်ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မွန်ပြည်နယ်၏ အဓိကစီးပွားရေးကဏ္ဍများဖြစ်သည့် လယ်ယာ၊ စက်မှုနှင့် သားငါးကဏ္ဍများ၏ တိုးတက်မှုအခြေအနေများ၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဆန် ဖူလုံပိုလျှံမှုများ၊ ပဲမျိုးစုံ၊ ဂရုတ်ကောင်း စိုက်ပျိုးနိုင်မှုအခြေအနေများ၊ ရော်ဘာ စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် တိုးချဲ့စိုက်ပျိုးရန် စီမံထားရှိမှုများ၊ စီးပွားရေးစီမံကိန်း လျာထားချက်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာမှုများ၊ နိုင်ငံတော်၏ စီးပွားရေးတန်ဖိုးပမာဏ၌ မွန်ပြည်နယ်၏ ပါဝင်နေမှုအချိုးအစား၊ မွန်ပြည်နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် မိမိတို့အဖွဲ့ တနင်္သာရီတိုင်းမှတစ်ဆင့် မွန်ပြည်နယ်သို့ လှည့်လည်ရောက်ရှိလာသည့် ရည်ရွယ်ချက်၊ မွန်ပြည်နယ်အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် နယ်မြေဒေသများ အေးချမ်းတည်ငြိမ်လာပြီဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ စက်မှုလယ်ယာကူးပြောင်းနိုင်ရေး၊ အလေအလွင့် လျော့နည်းကျဆင်းရေး၊ ပို့ကုန်ပမာဏ တိုးချဲ့ရေးစသည့် စီးပွားရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေလိုသည့် စေတနာ၊ ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုသည့် ဆန္ဒများဖြင့် ဒေသအသီးသီးသို့ မိမိတို့ ယခုကဲ့သို့ လှည့်လည်သွားလာနေခြင်းဖြစ်ကြောင်း။

ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသခံပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိက တည်မှီလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုမှာ ဒေသခံပြည်သူများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအပိုင်းက လိုအပ်သော အားပေးမှု၊ အထောက်အကူပြုမှုများဖြင့် အခြေအနေကောင်းများကိုသာ ဖန်တီးပျိုးထောင်ပေးနိုင်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်ရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရန် အရေးကြီးကြောင်း၊ မရှိသည်ကို မျှော်မှန်းစိတ်ကူးယဉ်နေသည်ထက် လက်တွေ့တည်ရှိနေသည်များကို အခြေပြု၍ တိုးတက်ဖြစ်ထွန်း အောင်မြင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

မွန်ပြည်နယ်သည် စိုက်ပျိုးရေးဖြစ်ထွန်းသည့် နယ်မြေဖြစ်ကြောင်း၊ စပါးကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင်၊ အခြားဖြစ်ထွန်းနိုင်သော ရာသီသီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်အောင် အားထည့်ရမှာဖြစ်သကဲ့သို့ ရော်ဘာ၊ ဂရုတ်ကောင်းတို့ကို ရည်မှန်းချက်နှင့်အညီ နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားရန် အရေးကြီးကြောင်း၊ ထို့ပြင် အလားအလာကောင်းသော သားငါးကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် အားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မွန်ပြည်နယ်ရှိ သယံဇာတများကို အခြေခံ၍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် အားထုတ်နိုင်မှသာလျှင် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အခြေခိုင်မာလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်းသည့် လိုအပ်သော အခြေခံများကို တည်ဆောက်ထူထောင်ပေးထားပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားလမ်းညွှန်သည်။

မော်လမြိုင်တက္ကသိုလ်

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ သွားရောက်ကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်ပညာရေးကောလိပ်၊ မော်လမြိုင်မြို့ အစိုးရနည်းပညာကောလိပ်၊ မော်လမြိုင်မြို့ အစိုးရကွန်ပျူတာကောလိပ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြသရုပ်ပြများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်၊ မော်လမြိုင်ပညာရေး စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် သန္တိသုခဓမ္မာရုံ၌ ပြည်နယ်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမပုံစံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မော်လမြိုင်တံတားကြီးသည် နိုင်ငံတော်အတွက် ဂုဏ်ယူရမည့် တံတားကြီးဖြစ် အရည်အသွေး အဆင့်အတန်းမီမီ သတ်မှတ်ချိန်ပြီးစီးအောင် အလေးထားတည်ဆောက်

❒ စာမျက်နှာ ၁၁ မှ

ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ယဉ်ယဉ်မြတ်၊ မော်လမြိုင်မြို့ အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးဝင်းမောင်နှင့် မော်လမြိုင်မြို့ အစိုးရကွန်ပျူတာကောလိပ်တာဝန်ခံကျောင်းအုပ် ဒေါ်မွန်မွန်တို့က တက္ကသိုလ်နှင့် ကောလိပ်များ၏ သမိုင်းအကျဉ်း၊ တည်နေရာနှင့်အကျယ်အဝန်း၊ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသော သင်တန်းများနှင့် ဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပညာသင်ကြားမှုများ၊ သင်ကြား/စီမံဝန်ထမ်း အခြေအနေများ၊ သင်ထောက်ကူပစ္စည်းရရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

နောက်ကျကျန်ရစ်ခဲ့

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလမ်းညွှန်မှာကြားရာတွင် မိမိတို့ နိုင်ငံ၏ ပညာရေးအဆင့်အတန်းသည် စောစောပိုင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခြေအနေများအရ နိုင်ငံတကာနှင့် ယှဉ်ကြည့်လိုက်ပါက များစွာ နောက်ကျကျန်ရစ်ပြီးနေခဲ့ကြောင်း။

ကမ္ဘာ့ပညာရေးနယ်ပယ်သည် အရှိန်အဟုန်ဖြင့် မြင့်မြင့်မားမား တိုးတက်ပြောင်းလဲလာနေချိန်၌ မိမိတို့၏ ပညာရေးမှာ အားနည်းချက်များစွာရှိနေ၍ မဖြစ်ကြောင်း၊ အချိန်မီသုံးသပ်၍ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိလျှင် တိုးတက်မှုမရှိဘဲ ပိုမိုနောက်ကျကျန်ရစ်သွားမှာဖြစ်ကြောင်း။

ထို့ပြင် အာဆီယံအဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံအားလုံးသည် ၂၀၂၀ပြည့်နှစ်၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံများဖြစ်ရမည်ဆိုသည့် မျှော်မှန်းချက်ချမှတ်ထားရာ မိမိတို့နိုင်ငံ၏ ပညာရေးစနစ်ကို အမြန်ဆုံးပြုပြင်ပြောင်းလဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းထူထောင်နိုင်ရန် လိုအပ်လာကြောင်း။

လေးနှစ်စီမံကိန်း

ထို့ကြောင့် **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့**ဆိုသည့် ဆောင်ပုဒ်ဖြင့် ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများ လုပ်နေရခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းချမှတ်ပြီး လိုအပ်သော အခြေခံများကို ပြည့်စုံအောင် အမြန်ဆုံးဖြည့်ဆည်းထူထောင်ရကြောင်း။

ဖွံ့ဖြိုးရေးဒေသ ၂၄ခု၌ လိုအပ်သောတက္ကသိုလ်၊ ကောလိပ်များထူထောင်ပြီး မြို့ကြီးပြကြီးများ၌သာ အဆင့်မြင့်ပညာ သွားရောက်သင်ကြားနေရသည့်အစား ဒေသအလိုက်အဆင့်မြင့်ပညာကို လက်လှမ်းမီ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ဖော်ထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် မျှမျှတတ ပညာသင်ကြားခွင့်ရခြင်းဖြင့်ဒေသအလိုက်လိုအပ်သော လူ့အရင်းအမြစ်များ ဖြစ်ပေါ်လာပြီး ဒေသခံပညာတတ်များက ဒေသဖွံ့ဖြိုးရေးကို အလေးထားလုပ်ကိုင်လာနိုင်မှာဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများသည်လည်း လျော့နည်းကျဆင်းသွားမှာဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်ရာ၌ အသိပညာ၊ အတတ်ပညာရှိသော လူ့အရင်းအမြစ်များ ပြည့်စုံနေရန် အထူးလိုအပ်ကြောင်း။

မိမိတို့၏ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ပြည့်စုံမှု၊ မပြည့်စုံမှုများရှိမည်ဖြစ်သော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ မိမိတို့အကောင်းဆုံးဖြစ်အောင် ပြုပြင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

ယခုလိုအပ်သော အခြေခံများ ထူထောင်ပြီးဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များကို မိမိတို့ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း။

ယင်းသို့အကောင်အထည်ဖော်ရာ၌ အရည်အချင်းပြည့်မီသော ဆရာများက ခေတ်မီ သင်ရိုးညွှန်းတမ်းများနှင့်အညီ ခေတ်မီသင်ကြားမှု အထောက်အကူပြုပစ္စည်းများကို အသုံးပြုပြီး အဆင့်မြင့်မြင့် သင်ကြားသွားနိုင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို စေတနာဖြူစင်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှာဖြစ်သကဲ့သို့ ဆရာ၊ဆရာမများကလည်း မိမိတို့ကိုယ်တိုင် အရည်အသွေးမြင့်မားသည်ထက် မြင့်မားနေအောင် အမြဲမပြတ် လေ့လာဆည်းပူးနေပြီး တပည့်များကို တကယ်တတ်အောင်၊ တကယ်တော်အောင် သင်ကြားပေးရန် လိုအပ်ကြောင်း။

စေတနာထားသင်ကြား

အနာဂတ်ကာလ နိုင်ငံတော်ကို ထူထောင်စောင့်ရှောက်မည့် မိမိတို့မျိုးဆက်သစ်များသည် ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် မျိုးဆက်သစ်များဖြစ်နေအောင် စေတနာထားသင်ကြားပေးကြရန် တိုက်တွန်းကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဘွဲ့နှင်းသဘင်ခန်းမပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးများ၊ အင်ဂျင်နီယာများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလေးထားတည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုတည်ဆောက်နေသော မော်လမြိုင်တံတားကြီးသည် နိုင်ငံတော်၌ အရှည်ဆုံး၊ အကြီးမားဆုံးတံတားကြီးဖြစ်၍ နိုင်ငံတော်အတွက် ဂုဏ်ယူရမည့်တံတားကြီးဖြစ်သကဲ့သို့ မော်လမြိုင်မြို့အတွက် ကျက်သရေဆောင်တံတားကြီးလည်းဖြစ်ကြောင်း၊ တံတားကြီးကို အရည်အသွေးအဆင့်အတန်းမီမီ သတ်မှတ်ချိန်ကာလအတွင်းပြီးစီးအောင် အလေးထားတည်ဆောက်ကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များသည် တံတားကြီး၏ မော်လမြိုင်ဘက်ခြမ်းပေါ်သို့ သွားရောက်ပြီး တံတားကြီးပေါ်တွင် ကားလမ်းအတွက် သံကူကွန်ကရစ်ကြမ်းခင်းများ တည်ဆောက်ပြီးစီးမှု၊ ရထားသံလမ်းခင်းနိုင်ရန် ပြင်ဆင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

၁၁၅၇၅ပေရှည်

သံလွင်တံတား(မော်လမြိုင်)မှာ ၁၁၅၇၅ပေရှည်မည်ဖြစ်ပြီး မီးရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်းယှဉ်လျက်ရှိသော တစ်ထပ်တံတားကြီးဖြစ်သည်။

သံလွင်တံတား (မော်လမြိုင်)ကို ယခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအပြီးတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် သာယာလှပရေး ဆောင်ရွက်ထားမှုများနှင့် မော်လမြိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်သို့ သွားရောက်ကြပြီး ရှေးဦးစွာ မြောက်ဘက်အာရုံခံမုခ်ဦးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

မှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၂မှ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မတ် ၃ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် သန္တိသုခမ္မောရုံ၌ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တဩဘာသအမှူးပြုသော ပြည်နယ်နှင့်မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မေတ္တာပို့သ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးက မေတ္တာပို့သတော်မူသည်။

ကြည့်ရှုစစ်ဆေး

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၉ရက် ညနေပိုင်းတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့လည်းကောင်း၊ မတ် ၃ရက် နံနက်ပိုင်းတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ သံလွင်တံတား(မော်လမြိုင်) တံတားကြီးပေါ်တွင် ကားလမ်းအတွက် သံကူကွန်ကရစ် ကြမ်းခင်းများ တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပန်းတနော်အစမ်းတွင်း လုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် မတ် ၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ညွှန်ကြားရေးမှူး(စီမံရေး)၊ ဦးမြင့်ကြည်၊ အထွေထွေမန်နေဂျာ(ပိုက်လိုင်း)ဦးသန်းထွဋ်တို့ လိုက်ပါလျက် ယနေ့နံနက်၁၀နာရီတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ပန်းတနော်မြို့နယ် ပျဉ်တုံးကလေး ကျေးရွာအနီး အစမ်းတွင်းတူးဖော်မည့်လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ကြီးကြပ်ရေးအင်ဂျင်နီယာ ဦးသန်းအောင်နှင့် တာဝန်ရှိသူများက အစမ်းတွင်းတူးဖော်ရန် ပြင်ဆင်နေမှုများ၊ စက်ယန္တရားရောက်ရှိမှု အခြေအနေများ၊ မိုးရာသီသွားလာနိုင်ရေး လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရေး ဖြည့်စွက်ညွှန်ကြားခဲ့ပြီး အစမ်းတွင်းတူးဖော်ရန် နေရာပြင်ဆင်နေမှု၊ တပ်မတော်သားများ လမ်းဖောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညောင်တုန်းရေနံမြေသို့ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၁နာရီခွဲတွင် ရောက်ရှိသည်။ အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးရဲခေါင်က ထုတ်လုပ်မှု အခြေအနေများ၊ ဆီသိုလှောင်ကန် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးညှိနှိုင်းပေးခဲ့ပြီး ဆက်လက်ထွက်ခွာလာရာ မယ်ဇလီကျေးရွာနှင့် မငေးစုကျေးရွာကြားရှိ ညောင်တုန်း–ရွာမ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် ဆက်သွယ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

လုပ်ငန်းခွင် အမှုဆောင်အင်ဂျင်နီယာ ဦးသန်းရွှေက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးမကျမီလုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ပြီး ပြန်လည်ထွက်ခွာလာရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

နဝဒေးစစ်ကြောင်းသို့ အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နဝဒေးစစ်ကြောင်းသို့ အလှူငွေများလှူဒါန်းခြင်းအခမ်းအနားကို ယနေ့တွင် စစ်ကြောင်းရုံးတည်ရှိရာ ဇေယျာဝတီ ရေတပ်စခန်းဌာနချုပ် နဝဒေးစစ်ကြောင်းရုံး၌ ကျင်းပရာ နဝဒေးစစ်ကြောင်းစစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော်ထံသို့ မြန်မာ့အားမာန်ကုမ္ပဏီလီမိတက်မှ ဒေါက်တာဇော်ထွန်းက အလှူငွေကျပ်တစ်သိန်းနှင့် အဏ္ဏဝါအောင်မြေကုမ္ပဏီလီမိတက်မှ ဦးမော်စီက အလှူငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ စစ်ကြောင်းမှ အရာရှိ/စစ်သည်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပေးဆပ်သူတို့ နှလုံးသား ဇာတ်ကားသစ် တင်ဆက်ပြသ

ရန်ကုန် မတ် ၄

ယခုသောကြာပတ်တွင် ချစ်ဦးညို၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူး၍ ညွှန့်ဝင်း၊ ရန်အောင်၊ ကျော်ရဲအောင်၊ ခန့်စည်သူ၊ သတိုးစော၊ ရဲမင်းပိုင်၊ အောင်ပိုင်၊ မျိုးသန္တာထွန်းနှင့် ခိုင်နှင်းဝေတို့ သရုပ်ဆောင်သော **ပေးဆပ်သူတို့ နှလုံးသား** ရာဇဝင်ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသလာသည်။

ကျန်စစ်မင်းကြီး၏ ဘဝဇာတ်လမ်းကို ရာဇဝင်အခင်းအကျင်းများ၊ လူအင်အားများစွာဖြင့် ဒါရိုက်တာက လက်စွမ်းပြထားသော အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မြန်မာ့အားမာန်ကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်သည်။



ကိုယ်တိုင်ရေးရာဇဝင်

ဆက်လက်၍ ဒါရိုက်တာမောင်မျိုးမင်း ရိုက်ကူး၍ ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်တို့ပါဝင်သော **ကိုယ်တိုင်ရေးရာဇဝင်** ဇာတ်ကား ရွှေ့ဆောင်နှင့် နေပြည်တော်ရုံများတွင် ပြသနေသည်။

မျက်နှာများတဲ့ကောင်းကင်

ဘရဏီရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ပါဝင်သည့် **မျက်နှာများတဲ့ ကောင်းကင်** မေတ္တာဘွဲ့ ဇာတ်ကားမှာ ဝဇီရာရုံတွင် ဆက်လက်အောင်ပွဲခံ ပြသနေသည်။

ဝိညာဉ်ပစ်တဲ့မြား

အဆင့်မြင့်ဗီဒီယိုဇာတ်ကားအဖြစ် ဒါရိုက်တာ မောင်မောင်ဦး(စနိုးဗိုက်) ရိုက်ကူး၍ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်သည့် **ဝိညာဉ်ပစ်တဲ့မြား** ဇာတ်ကား ရွှေဂုန်နှင့် ရွှေဗဟိုရုံများတွင် ပြသနေသည်။

အက်ရှင်ဇာတ်ကား

ယခုသောကြာပတ်တွင် အိန္ဒိယရုပ်ရှင် အက်ရှင်ဇာတ်ကားသစ်ဖြစ်သော ONEZ-KA-4 အမည်ရှိ ဇာတ်ကား ဘုရင်ရုံတွင် တင်ဆက်ပြသသည်။ ရှရွတ်ခန်၊ ဂျက်ကီရှရော့ဖ်နှင့် ဂျူဒီချောင်လာတို့က သရုပ်ဆောင်၍ မှောင်ခိုဘိန်းရာဇာနှင့် ရဲတို့ အပြိုင်ကြိုးကြိုပ်ပုံ ရိုက်ကူးပြသထားသည်။

မြို့မရုံတွင် အချစ်နှင့် အက်ရှင်ဇာတ်ကားဖြစ်သော HUMRAAZ အမည်ရှိ အိန္ဒိယရုပ်ရှင်ဇာတ်ကား တင်ဆက်ပြသနေသည်။ သရုပ်ဆောင်များအဖြစ် ဘော်ဘီဒေါ၊ အရှစ်ခန်နာနှင့် အမီရှာပတေးတို့ ပါဝင်ထားကြသည်။

HUMRAAZ အိန္ဒိယ ဇာတ်ကားမှ သရုပ်ဆောင်ဟန်။

“ပေးဆပ်သူတို့ နှလုံးသား” ဇာတ်ကားမှ ရန်အောင်နှင့် ကျော်ရဲအောင်တို့ သရုပ်ဆောင်ကွက်။

ဆုထူးပန်ရုံတွင် AB KE BARAS အမည်ရှိ အိန္ဒိယအချစ်ဇာတ်ဆန်း ရုံတင်ပြသနေသည်။ ဘဝခြားသူ ချစ်သူနှင့် ဆက်နွှယ်ပုံကို ဇာတ်အိမ်ဖွဲ့ ဇာတ်လမ်းဆင်ထားသည်။

သုံးပွင့်ဆိုင်အချစ်ဇာတ်ကား

ဆက်လက်၍ ဧရာဝတီရုံတွင် အမိတာဘချန်၊ အန်နီကပူးနှင့် ပရက်တီဇင်တာတို့ သရုပ်ဆောင်သည့် ARMAAN အမည်ရှိ အိန္ဒိယ သုံးပွင့်ဆိုင် အချစ်ဇာတ်ကားပြသနေသည်။ (ကြေးမုံ)

ဂျပန်ရုပ်ရှင်ပွဲတော် သမ္မတရုံ၌ တင်ဆက်မည်

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် ဂျပန်ရုပ်ရှင်ပွဲတော်ကို မတ် ၈ ရက်မှ ၁၂ရက်အထိ သမ္မတရုံတွင် ညနေ ၆နာရီခွဲမှစ၍ တင်ဆက်ပြသမည်ဖြစ်သည်။

ပြသမည်ကားများမှာ မတ် ၈ရက်တွင် A Scene at the Sea ဇာတ်ကား၊ မတ် ၉ ရက်တွင် Cyborg 009 ကာတွန်းဇာတ်ကား၊ မတ် ၁၀ရက်တွင် I was born,but––အသံတိတ်ဇာတ်ကား၊ မတ် ၁၁ရက်တွင် Nabbie’s Love ဇာတ်ကားနှင့် မတ် ၁၂ရက်တွင် Black Rain ဇာတ်ကားများ ပြသမည်ဖြစ်ပြီး ဖိတ်စာဖြင့် ကြည့်ရှုနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မိုးကုတ် ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းသုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကြီးတွင်ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၈ရက်မှ ၁၇ ရက်ထိ ၁၀ ရက် တရားစခန်း ကျင်းပမည်ဖြစ်သည်။တရားစခန်းတွင်မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယကသုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကစ္စာယန (မဟာကမ္မဋ္ဌာနာစရိယ)နှင့်တပည့် ဦးနာရဒ (ဘိုကလေး)၊ ဆရာဦးခင်မောင် (သုဝဏ္ဏသိင်္ဂီ)တို့က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားများကို ဟောကြားပြသမည် ဖြစ်ရာ ယောဂီဦးရေ ကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းသွင်းကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ) မူလတန်းကြို ကျောင်း၏ အကြိမ် (၂၀)မြောက် ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိအဆိုပါကျောင်း ကျောင်းဆောင်သစ်၌ ကျင်းပရာ ကလေးငယ်များက ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ အငြိမ့်နှင့် ယိမ်းအကတို့ဖြင့် ပြိုင်ပွဲဝင်ကြစဉ်။ (က-ပ)



ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၇ရက်တွင် ဟိုပန်မြို့သို့ရောက်ရှိ၍ ဟိုပန်မြို့ မြသိန်းတန်စာသင်တိုက်ရှိ ရဟန်းနှင့် သာမဏေများအတွက် သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဒေသမှ တာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကိုညှိနှိုင်းသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၂၈ရက်တွင် မံတုံပါးကျေးရွာသို့ ရောက်ရှိ၍ မံတုံပါးဆည်နှင့် ဘိန်းအစားထိုးသီးနှံ လိမ္မော်၊ သလဲ၊ မက်မွန် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကိုးကန့်ဒေသမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးပြီး လောက်ကိုင်၊ တာရွှေထန်လမ်း ကတ္တရာခင်းခြင်း၊ ကျောက်ထုတ် လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ကုန်းကြမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၂၉ရက်တွင်ကုန်းကြမ်းမြို့တွင်း လမ်းကတ္တရာခင်းရေးလုပ်ငန်းများအတွက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လောက်ကိုင်မြို့ ခုတင်(၅၀)ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်ကို ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁ရက်တွင် ဘိန်းအစားထိုး ပန်းဂျုံသန့်စင်စက်ရုံနှင့် ဝယ်ယူပြီးပန်းဂျုံများထားသိုသည့် သိုလှောင်ရုံများကိုကြည့်ရှုစစ်ဆေးပြီး ရန်လုံကျိုင်း ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးခြံကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်ဆေးရုံကြီးသို့ ငွေကျပ်သိန်း၅၀လှူဒါန်း

ရန်ကုန် မတ် ၄

ကွယ်လွန်သူ ဦးဖေကြိုင်-ဒေါ်တင်ကြည်တို့အား ရည်စူး၍ အမှတ်(၂၂၃) ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့နေ တူ၊ တူမများဖြစ်ကြသည့် ဦးကြည်ဝင်း၊ ဒေါ်မြင့်မြင့်၊ ဒေါ်ဆွေဆွေဦး၊ ဒေါ်ခင်နီလာ၊ ဒေါ်ခင်သီတာမောင်နှမတစ်စုကဆီးနှင့်ကျောက်ကပ်ဆေးကုဌာနကို အဓိကထား၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လူနာဆောင်များအတွက် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၅၀လှူဒါန်းပွဲကို ယနေ့နံနက် ၁၁နာရီတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်နှင့် ဆေးရုံစီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၅၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်က လက်ခံယူ၍ ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)











Job Opportunity
(For Local Service Only, Salary in Kyats)

A well renowned privately held company, providing service and equipment for Mining, Construction and Transportation industries is seeking qualified candidates for the following positions:

1. **Project/Field Engineer(B.E- Mechanical) 1 Post (M or F)**
   * Good command of written and spoken English
   * Minimum 10years "hands on field"experience
   * Knowledge of Mining and Construction equipment preferred
   * Good ability of team work
   * Computer skills
2. **Applications Engineer (B.E- Mechanical) 1Post(MorF)**
   * Good command of written and spoken English
   * Good ability to team work
   * Computer skills
   * Recent graduate
3. **General Manager (MBA preferred) 1Post (M or F)**
   * Minimum 15years of progressive experience
   * OEM Mining and Construction experience preferred
   * Good command of written and spoken English
   * Computer skills
   * References required

Competitive salary and bonus based on experience. Please send detailed CV with experience, qualifications, age, contact telephone number with recent photograph, labour registration card and recommendation of good characters and free from criminal record to be received by us on or before March 12th, 2004 to the following address.

GPO Box No.438

Yangon, Myanmar.
Tel: 01-543462(Only short listed candidates will be notified for interviews.)

ညွန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ စည်ပင်လုပ်ငန်းများ စစ်ဆေး မြို့နယ်သာယာလှပရေး သန့်ရှင်းဆောင်ရွက်ရေး မှာကြား

ကလေး မတ် ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက်တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိရာ ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က မြို့နယ်သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ စည်ပင်သာယာရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးမြို့နယ်၏ ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ အောင်ဇေယျလမ်း၊ လမ်းပေါက်ဖာခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၂၀၀ ရှိ ပတ္တမြားလမ်းကို အဖွဲ့ရန်ပုံငွေ ကျပ်၅ ဒသမ ၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁၂ သိန်းဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် တမူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိကမြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြို့မ သာယာလှပရေး လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဝင်းဇော်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဖေဝင်းတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က အခွန်ငွေ ပြည့်မီစွာရရှိရေး၊ မြို့နယ်သာယာလှပရေး၊ သန့်ရှင်းရေး ကောင်းမွန်ရေးတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ကလေးဝမြို့သို့ ရောက်ရှိပြီး ကလေးဝမြို့နယ် စည်ပင်သာယာရေးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားပြီး အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဈေးပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ညောင်ပင်သာကျေးရွာ စာကြည့်တိုက်ဖွင့်

သပိတ်ကျင်း ဖေဖော်ဝါရီ ၂၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်သပိတ်ကျင်းမြို့နယ် ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး ဖူးပွင့်ရတနာ စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရာရှိ အုပ်ချုပ်ရေးရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးညွှန့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်နိုင်တို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးညွှန့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် အသုံးပြုရန် အလှူရှင်များက ကျပ် ၃၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်းများ၊ စာအုပ်စာတမ်းများ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဇော်နိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ချိုကြီးကွင်း ကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် ကြို့ကုန်းကျေးရွာဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်

အုတ်ဖို မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံ - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းတော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဝါဆိုဦးကျောင်း ဆရာတော် ဘဒ္ဒန္တ အရိယဝံသနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထန်းပင်ကုန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ကုမာရအရှင်သူမြတ်တို့အား ပူဇော်ပွဲကို ၁၃၆၅ ခု တပေါင်းလပြည့်ကျော် ၃ ရက် (မတ် ၈ ရက်) နံနက်တွင် အုတ်ဖိုမြို့ မြို့လယ် ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

(က-ပ)

စာပေဟောပြောပွဲ ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၉

ပဲခူးမြို့ ဉသာမြို့သစ် ရပ်ကွက်ကြီး (၇) စာပေဝါသနာရှင်များ၏ စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီတွင် ပြင်စည်ဈေး လမ်းမတွင် ကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာ ဖေမြင့်၊ ဂျူးနှင့် မင်းခိုက်စိုးစံတို့က စာပေရေးရာများ ဟောပြောကြသည်။

(၄၀၃)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၉)၊ အမှတ်(၁၀)ရပ်ကွက် ရွှေလင်းယုန်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ဖေဖော်ဝါရီ၂၇ ရက်က ကွင်းဆင်း စစ်ဆေးကြစဉ်။ (၁၆၁)

မြန်မာ့ကြေးမုံ နယ်သတင်းများ

မင်းရွာကျေးရွာ စက်ရေတွင်းဖွင့်

ဝက်လက် ဖေဖော်ဝါရီ ၂၉

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မင်းရွာကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မင်းရွာကျေးရွာ ဇမ္ဗူရတနာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ယာယီ) ဒုတိယရဲမှူးရဲမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွင်ညွှန့်တို့က ရေခလုတ်များကို ဖွင့်၍ စက်ရေတွင်းကို ဖွင့်လှစ်ပေးကြသည်။

စက်ရေတွင်းအတွက် ရန်ကုန်မြို့ အလုံလမ်း အမှတ် (၇၇) (၄)လွှာ ဆင်မင်းလမ်း ဆင်မင်းရပ်ကွက်နေ ဒေါ်စိန်စိန်မိသားစုက အလှူငွေကျပ် ငါးသိန်းနှင့် စည်ပင်သာယာမှ စိုက်ထုတ်ငွေကျပ် သုံးသိန်းတိတိတို့ဖြင့် တူးဖော်ခဲ့ခြင်းဖြစ်သည်။ **(၂၃၀)**

ကျောက်ပန်းတောင်းမြို့နယ် ဒေါင်းလည်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၇ ရက်က စက်ရေတွင်း တူးဖော်နေမှုလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။

(က-ပ)

အင်္ဂလိပ်ကဗျာများ ရွတ်ဆိုသရုပ်ပြ

မန္တလေး မတ် ၂

မန္တလေး ပညာရေးကောလိပ် အပတ်စဉ်(၆) သင်တန်းမှ လက်တွေ့တန်းပြဆင်းများ၏ အင်္ဂလိပ်ကဗျာများ ရွတ်ဆိုသရုပ်ဖော်ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အမက (၄) အောင်မြေသာစံမြို့နယ် အမှတ် (၁) အထက်တန်းကျောင်း အောင်ရာဇာခန်းမတွင် ပြုလုပ်သည်။

သရုပ်ပြ

အဆိုပါ လက်တွေ့တန်းပြဆရာမများက သတ္တမတန်းကျောင်းသားများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီတို့တွင် အင်္ဂလိပ်စာများကို သင်ကြားခဲ့ပြီး သင်ယူတတ်မြောက်မှုအဖြစ် ကျောင်းသားလေးများက အင်္ဂလိပ်ကဗျာ ရွတ်ဆိုသရုပ်ပြသခြင်း၊ စကားအပြန်အလှန် ပြောခြင်းများကို သရုပ်ပြသည်။

တက်ရောက်

အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဗိုလ်အေးနှင့် အမှုဆောင်များ၊ အပတ်စဉ်(၆)မှ ဆရာမများနှင့် ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

(၃၈၇)

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

နတ်မောက် ဖေဖော်ဝါရီ ၂၉

မကွေးတိုင်း နတ်မောက်မြို့နယ် ကျွန်းချောင်းကျေးရွာ ဘဝရေ့ဆောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး လိုအပ်ချက်များကိုလည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်က စာကြည့်တိုက်ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ရပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်တွေမြို့ အထက(၄) ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ နိုင်ငံတော်အဆင့်ပြိုင်ပွဲဆု ခုနစ်ဆုနှင့် သူငယ်တန်းမှ သတ္တမတန်းထိ ပထမဆုရရှိသော မနုထက်ထက်လွင်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောဖြူက ဆုချီးမြှင့်စဉ်။ (၂၆၄)

သင့်အိမ်.. သင့်ရုံးခန်း.. **အောင်သရဖြ** ထရေဒင်းကုမ္ပဏီလီမိတက်

သင့်ဘုန်းတော်ကြီးကျောင်းတွေကို အလှဆင်တော့မယ်ဆိုရင်

ကြမ်းခင်းဖယောင်းပုဆိုးများ၊ စရမြုပ်ပါအခင်းများ၊ မွေ့ယာကော်ဇောများ၊ မိုးရေကာမျက်အမျိုးမျိုးနှင့် အခင်းမျာမျိုးစုံတို့ကို သက်ုန်အကြို ၅% မှ ၁၀% ထိ(၆-၃-၂၀၀၄)မှ(၁၂-၄-၂၀၀၄)နေ့အတွင်း အထူးလျှော့ဈေးဖြင့် လက်လီ/လက်ကား ရောင်းချပေးနေပြီ။

အရောင်းပြခန်းများ

ဒီဆိုင်တွေမှာဝယ်ကြမျိုး

(၂) ၁၆၈ (၂၇) လမ်း (ပိုက်ချုပ်ဈေးသစ်ရှေ့) ရန်ကုန်။ ၀၁-၂၄၈၂၂၈၊ ၂၄၂၂၄၇

(၃) ၂၁၂ (၂၇) လမ်း (ပိုက်ချုပ်ဈေးသစ်ရှေ့) ရန်ကုန်။ ၀၁-၂၄၆၀၈၉

(၄) ၁၁၃ ရွှေဂုံတိုင်ဘုရားလမ်း လသာမြို့နယ် ရန်ကုန်။ ၇၀၀၉၇၃၊ ၀၉၅၀-၁၂၂၈၃

(၅) ၁၄၁ ရွှေဂုံတိုင်လမ်း ယုဇနဂိုဒေါင်အနီး ဗဟန်း ရန်ကုန်။ ၀၁-၅၅၈၂၆၅ ၇၀၃၉၁၄

(၆) S-၂၀ မြေညီထပ် ယုဇနပလာဇာ ဗညားဒလလမ်း ရန်ကုန်။ ၀၁-၂၀၀၇၄၇ (ခွဲ) ၁၀၀၈

(၇) ၈ ဘုရင့်နောင်လမ်းကြီး (ပွဲရုံတန်းရှေ့) ဒေးဒုံကုန်း ရန်ကုန်။ ၀၁-၆၈၂၀၀၉

(၈) ၁၁၆ (ယဉ်ကျေးမှုဝန်ကြီးဌာန) အနော်ရထာလမ်း ရန်ကုန်။ ၀၁-၂၂၄၅၀၆၊ ၂၂၄၆၂၇

(၉) ၂၇၃၊ ၈၃ လမ်း ၂၈×၃၀ ကြား မန္တလေး ၀၂-၃၅၆၀၁၊ ၂၆၇၇၊ ၀၉၉၀-၆၀၆၂၇

(၁၀) ၁၇၃ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့် မန္တလေး ၀၂- ၂၇၅၉၉၊ ၆၆၃၇၉၊ ၀၉၉၀-၆၀၆၂၇

စိန်နှင့်မြ မွေ့ရာ

